# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 23 September 2025 ၁၁၉၄၉


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပွင့်လင်းရာသီရောက်ပြီဖြစ်၍ ဝါးနက်ဆင်စခန်းသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားလာ



**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး-ပြင်ဦးလွင် ကားလမ်း ၁၆ မိုင်ဂိတ်မှ ငါးမိုင်ခန့်အကွာရှိ အရိပ်အာဝါသကောင်းမွန်ပြီး အေးချမ်းစွာ အပန်းဖြေ အနားယူနိုင်သည့်အပြင် ဆင်များဖြင့် ဝန်ဆောင်မှုပေးနေသည့် ဝါးနက်ဆင်စခန်းသို့ ပွင့်လင်းရာသီရောက်ပြီဖြစ်၍ လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည် များပြားလာကြောင်း ဝါးနက်ဆင်စခန်းမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ဆင်စခန်းတွင် ဆင်ကြီး ရှစ်ကောင်နှင့် ဆင်ပေါက်လေး သုံးကောင် ရှိပြီး ဆင်များအား ဆင်စာဘူဖေးကျွေးသူများ၊ တစ်နိုင်တစ်ပိုင် ဆင်စာကျွေးသူများနှင့် ဆင်ပေါက်လေးသုံးကောင်ကို လာရောက်ကြည့်ရှုသူများဖြင့် လည်ပတ်သူ များပြားလာကြောင်း သိရသည်။

"ပွင့်လင်းရာသီရောက်ပြီ ဖြစ်သလို မကြာခင် သီတင်းကျွတ်ကျောင်းပိတ်ရက် ရုံးပိတ်ရက်ရှည် ရောက်တော့မှာပါ။ အဲဒီအချိန်ဆိုရင် ဆင်စခန်းကို လာတဲ့သူပိုများတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✮

**အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။**




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်ပြပုံ

## ယနေ့ ဖတ်စရာ


၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး စာမျက်နှာ » ၅

ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ခြင်း ဆိုင်ရာ တရုတ် - မြန်မာဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၇

ပြည်ထောင်စု အိမ်ခြံမြေပွဲတော်ဆီသို့ . . . ဆောင်းပါး စာမျက်နှာ » ၆

နောင်ချိုမှာ ပွင့်လန်းလာသည့် ပညာပန်း စာမျက်နှာ » ၁၁

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဝဲယာ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံပင့်ဆောင်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ စာမျက်နှာ » ၉

ကြေးမုံ

# နိုင်ငံတော်အတွက်အမှန်တကယ်ဖော်ဆောင် ရွေးကောက်ခံကိုယ်စားလှယ်များဆောင်ရွက်

အစိုးရအနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေးအရ မှန်မှန်ကန်ကန် ဆောင်ရွက်သွားနိုင်ရန် အဓိကဖြစ်သည်။ တပ်မတော်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် ဆောင်ရွက်ရန်ရှိသည်များကို သဘောတူထားပြီးဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်တမျှ အလွန်အရေးကြီးသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် လွှတ်တော်များ ကျင်းပရေးနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီး ခေါ်ယူဖွဲ့စည်းပြီး ပြည်ထောင်စုကြီးအကျိုးကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတက တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးသည်။ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးပေသည်။

"ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လိုကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာလ ၁၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းပေးရန် တပ်မတော်အနေဖြင့် အကြိမ်ကြိမ်အသိပေးခဲ့သော်လည်း တာဝန်ရှိသည့် အစိုးရနှင့် အဖွဲ့အစည်းများက ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ပေ။ ထို့အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်လာသောကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ ယခုအခါ မူလကတိပေးထားသောရွေးကောက်ပွဲကို မကြာမီကျင်းပတော့မည်ဖြစ်ရာ ရွေးကောက်ပွဲအကြိုကာလ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ ဆောင်ရွက်ရာတွင် သိက္ခာရှိသောရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူပြီး ၂၀၂၅ ရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးရာ၌ တိကျမှု၊ မှန်ကန်မှု၊ မြန်ဆန်မှု၊ စနစ်တကျရှိပြီး ရိုးရှင်းလွယ်ကူသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ လွယ်ကူရှင်းလင်း သဘောပေါက်နားလည်နိုင်အောင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ရွာများတွင် သရုပ်ပြရှင်းလင်းပေးလျက်ရှိသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထူးအရေးပါသလို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၏အခန်းကဏ္ဍသည် အရေးကြီးသည်။ ဆန္ဒမဲပေးလိုမှု၊ မပေးလိုမှုသည် ပြည်သူများ၏ ကိုယ်ပိုင်ဆန္ဒဖြစ်သော်လည်း မိမိနိုင်ငံအကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်ပေးနိုင်မည့် ပါတီနှင့် ကိုယ်စားလှယ်လောင်းအား ဆန္ဒမဲမပေးဖြစ်ပါက နိုင်ငံအတွက် အချည်းနှီးဖြစ်စေသည်။

ရွေးကောက်ပွဲဝင်မည့်ပါတီများနှင့် ပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိအကျိုးထက် တိုင်းပြည်အကျိုးကို အမှန်တကယ်ဆောင်ရွက်လိုသောစိတ်နှင့် လုပ်ဆောင်မှုများ၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို အမှန်တကယ်ဆောင်ရွက်ပေးမည့် ကတိစကားများနှင့် မိမိအကျိုး၊ ပါတီအကျိုးထက် တိုင်းပြည်အကျိုးစီးပွားကို ဦးထိပ်ထား ရှေးရှုဆောင်ရွက်ပေးမည်တို့ကို အပြောနှင့်အလုပ် ထပ်တူကျအောင် ပြသနိုင်ပါမှ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးလိုသည့်စိတ်ထားများနှင့် ပြည်သူများကိုယ်စား ဆောင်ရွက်ပေးမည့်ပုဂ္ဂိုလ်များအား မှန်မှန်ကန်ကန် ရွေးချယ်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးနိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများအား ရွေးကောက်ခံကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုနိုင်အောင် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်မော်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၂-၉-၂၀၂၅)ရက်နေ့ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၄-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၉-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇၉၀)အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီအတွက် လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီ ဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်စွပ်စွဲ လူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့ လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၂ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁,၂၃၀ | ၉,၃၄၈,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၂၀၀ | ၁,၉၉၆ | ၆,၂၉၀,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၇၀၀ | ၈၁ | ၆၁၈,၃၀၀ |
| FPB | ၂,၄၀၀ | ၂,၅၅၀ | ၄,၃၁၅ | ၁၀,၇၃၄,၂၅၀ |
| TMH | ၂,၅၅၀ | ၂,၆၅၀ | ၁၂၀ | ၃၁၇,၆၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၁,၁၈၉ | ၂,၂၉၉,၁၀၀ |
| AMATA | ၃,၂၀၀ | ၃,၃၀၀ | ၂၈၈ | ၉၁၅,၄၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၅၀ | ၃၈၀ | ၁,၂၅၅,၀၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၂ | ၅,၃၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | သုတေသန | - ဇင်မာဝင့် |
| | | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်






**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာ အောင်မြင်စွာထုတ်ပြန်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပံ့ပိုးကူညီပေးကြသည့် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများနှင့် စာရင်းကောက်ယူခြင်း လုပ်ငန်းများကို လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြားမှ စီမံချက်ပါ သတ်မှတ်အချိန်ဇယားအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းသို့ ကောက်ယူရရှိသည့် အချက်အလက်များကို အချက်အလက်အသုံးပြုသူများ၊ အစိုးရဌာနအဖွဲ့အစည်းများ လတ်တလော အသုံးပြုနိုင်ရေးအတွက် သန်းခေါင်စာရင်း၏ရှေ့ပြေး လူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနောက် စာရင်းဇယားပြုစုခြင်းနှင့် ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများနှင့် ပြည်ထောင်စု အစီရင်ခံစာများ ရေးသားပြုစုခြင်း လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုပြုစုပြီးဖြစ်သည့် ပြည်ထောင်စု အစီရင်ခံစာတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားခြင်း၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းစသည့်အကြောင်းအရာများ ပါဝင်ပါကြောင်း။

ပြည်ထောင်စု အစီရင်ခံစာနှင့်အတူ အချက်အလက် အသုံးပြုသူများ လွယ်လွယ်ကူကူသိရှိအသုံးပြုနိုင်ရန် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများ အစီရင်ခံစာတို့ကိုပါ တစ်ပါတည်း ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအစီရင်ခံစာများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုရမည့် လူဦးရေနှင့် လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်းကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် စာရင်းကောက်ယူနိုင်ခြင်းသာမက သန်းခေါင်စာရင်းအချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စာရင်းအင်းအသုံးပြုသူများ လက်ဝယ်ရောက်ရှိအောင် ပံ့ပိုးပေးနိုင်မှသာ သန်းခေါင်စာရင်း အောင်မြင်သည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်ကြေညာမည့် နိုင်ငံတော်အဆင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ အချင်းချင်းပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်းနှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပနိုင်ရေး အခြေအနေနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်များ၊ အခမ်းအနားနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များက ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

လာရောက်လည်ပတ်သူက တစ်လကို ၁၀၀၀-၁၅၀၀ ဝန်းကျင်လောက်ရှိပြီး တချို့က ဆင်ပေါက်ကလေးတွေကို သဘောကျလို့ လာတာလည်းရှိတော့ ဧည့်သည် ပိုများလာတာပါ။ ဝင်ကြေးက ပြည်တွင်းဆိုရင် ငွေကျပ် ၁၀၀၀၊ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀၊ ဆင်စီးခက ပြည်တွင်းဆိုရင် ငွေကျပ် ၅၀၀၀နဲ့ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀ ပါ” ဟု ၎င်းက ပြောသည်။

ဆင်စခန်းတွင် ဆင်အထီး သုံးကောင်နှင့် အမ ငါးကောင်အပြင် ဆင်ပေါက်ကလေးများရှိရာ တစ်နှစ်ရစ်လသားအရွယ်ရှိ ငြိမ်းချမ်းဦး(အထီး)၊ ကိုးလသားအရွယ်ရှိ ငြိမ်းချမ်းအောင်(အထီး)နှင့် ငါးလသားအရွယ်ရှိ ငြိမ်းချမ်းမေ(အမ)ဟူ၍ သုံးကောင်ရှိရာ အဆိုပါဆင်ပေါက်ကလေးများ၏ ပြုမူဆော့ကစားနေမှုများကို ဧည့်သည်များ သဘောကျနှစ်သက်ကြကြောင်း သိရသည်။

### အပန်းဖြေအနားယူနိုင်

ဒီနှစ် ခရီးသွားရာသီမှာ ဆင်စခန်းအနီးက သုံးထပ်ရေတံခွန်ကို ဆင်စီးပြီး လမ်းတစ်ဝက်အထိ အလည်အပတ်ပို့မယ့် ဝန်ဆောင်မှု အစီအစဉ်ရှိတယ်။ တော်တော်သာယာပြီး စခန်းကနေ တစ်နာရီလောက်သွားရတဲ့နေရာပါ။ မကြာခင် ခရီးသွားရာသီနဲ့ ကျောင်းနဲ့ ရုံးပိတ်ရက်ရှည်ရောက်တော့မှာဆိုတော့ လာရောက်လည်ပတ်ကြမယ့် ဧည့်သည်များမှာဖြစ်လို့ အေးအေးချမ်းချမ်း အနားယူအပန်းဖြေနိုင်ဖို့ စီစဉ်ထားပါတယ်ဟု ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝန်းကျင်တွင် စားပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးထားပြီး နားနေရန်အဆောင်များ ပြင်ဆင်ထားရှိခြင်း၊ အရိပ်ကောင်းသည့်နေရာများတွင် ခုံတန်းလျားများထားရှိခြင်း၊ လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ တောတွင်းခရီး မိနစ် ၃၀ ဆင်စီးခရီးဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဆင်များအား အစာကျွေးခြင်း စသည်ဖြင့် အပန်းဖြေအနားယူနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ လေ့ကျင့်နေမှုနှင့် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိဟိုတယ်များ ကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းများအလိုက် အင်အားပြည့်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ အရှိန်အဟုန်မပြတ် ကြိုးစားလေ့ကျင့်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေးကွင်းရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် ရေရှည်တည်တံ့စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။



ယင်းနောက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်နေမှု၊ အမျိုးသား (Nage-no-kata)နှင့် အမျိုးသမီး (Ju-no-kata) လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး အားနည်းချက်၊ အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်နိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ မိမိတို့ရရှိထားသည့် စံချိန်စံညွှန်းများ ပိုမိုကောင်းမွန်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျလေ့ကျင့်သွားရန်၊ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံများများရရှိစေရန် အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲများကို လစဉ်ကျင်းပပေးပြီး အားကစားသမားများ၏ အခြေအနေများကို လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင် သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ဟိုတယ်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ဧည့်သည်လက်ခံနိုင်ရေးနှင့် ဝန်ဆောင်မှုပေးရန်ပြင်ဆင်ထားရှိမှု၊ ဟိုတယ်အလိုက် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများ အဆင့်အတန်းမီစွာ လက်ခံကျင်းပနိုင်ရေးအတွက် အဆင့်မြှင့်တင် ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းက ၇ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ယှဉ်ပြိုင်ကစားသွားရမည်**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲစဉ် အုပ်စု(ဇ)တွင် မော်လ်ဒိုက်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။



**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ညောင်ဦးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ပုဂံမြို့သစ်မှ နတ်ကြိုအိုင်ကျေးရွာသွား ကတ္တရာခင်းခြင်းဆောင်ရွက်ပြီးစီးမှု၊ တောင်ရှေ့ကျေးရွာအဝင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တောင်ပုံဝ-လက်ဝဲလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီသာကျေးရွာအဝင် ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# မင်္ဂလာဒုံမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**မင်္ဂလာဒုံ စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ထောက်ကြန့်)၌ ကျင်းပသည်။



ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး(ရုံးခွဲ)မှ စစ်ဆေးရေးမှူး(၃) ဦးထက်မြတ်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော ဥပဒေများနှင့် သတိပြုလိုက်နာရမည့် အချက်အလက်များကို လည်းကောင်း Video Clip ပြသကာ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## စစ်တွေမြို့နယ်၌ တောင်သူပညာပေးသင်တန်းပြုလုပ်

**စစ်တွေ စက်တင်ဘာ ၂၂**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ရက်တိုသင်တန်းကို ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့နယ် မှန်စီကျေးရွာ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

သင်တန်းတွင် ပြည်နယ်ဦးစီးမှူး ဦးအောင်ကြည်ဝင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စစ်တွေခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းများ ပို့ချကြသည်။ အဆိုပါသင်တန်းသို့ ကျေးရွာလေးရွာမှ တောင်သူ ၆၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် တောင်သူများအား ပညာပေးလက်ကမ်း စာစောင်များနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ ဖြန့်ဖြူးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၆ ရက်

သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတွင် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုသည် အရေးကြီးကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့် စိစစ်၊ ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အလေးအနက်ထားကာ စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ပါဝင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။**သတင်းစဉ်**



## ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်း ဆောင်ရွက်



**ပူတာအို စက်တင်ဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာ ချမ်းသာဘက်စုံသုံးခန်းမဆောင်၌ ဇီအွန်ကျေးရွာနှင့် မူလာအွန်ကျေးရွာမှ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအချက်အလက်များ၊ မဲပေးစက်အသုံးပြု၍ မဲပေးပုံမဲပေးနည်းနှင့် အားသာချက်၊ အားနည်းချက်များကို အသိပညာပေးဆွေးနွေးပြီး မဲဆန္ဒရှင်ပြည်သူများ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပူတာအိုမြို့ ဂန်လန်ရာဇီဧည့်ရိပ်သာ၌ ၂၀၂၅ ခုနှစ် ပါဒီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ပူတာအိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို) အောင်ဆန်းခန်းမ၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့် အသက် ၁၈ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဟောပြောနေမှုနှင့် ကျောင်းသား ကျောင်းသူများ လက်တွေ့စမ်းသပ် မဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပြင်ဦးလွင်မြို့၌ စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှု သင်တန်းဖွင့်

ပြင်ဦးလွင် စက်တင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက တန်ဖိုးမြှင့် စားသောက်ကုန် (snack) အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ခန်းမဆောင်၌ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကို စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စု အိမ်ခြံမြေပွဲတော်ဆီသို့ . . .

ကျွန်တော်တို့နိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီမှ မြန်မာမင်းများ တည်ဆောက်အစပြုခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး အေးအတူပူအမျှ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ ရှေးပဝေသဏီကတည်းက အတူတကွ နေထိုင်ခဲ့ကြသော နိုင်ငံလည်းဖြစ်ပါသည်။ တိုင်းရင်းသားတစ်ဦးနှင့်တစ်ဦး ယုံကြည်စွာကူးလူးဆက်ဆံခြင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲမထားရှိဘဲ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခြင်း၊ ချစ်စရာကောင်းသည့် အမူအကျင့်များဖြင့် ပေါင်းစည်းခြင်း စသည်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ ဥမကွဲသိုက်မပျက် တင့်တယ်စွာ နေထိုင်လျက်ရှိပါသည်။

**လူဟန် (အိမ်ခြံမြေ)**

**❖ မြန်မာနိုင်ငံတွင် ကြီးပွားချမ်းသာသူ ၁၀၀ ကို စနစ်တကျစိစစ်၍ လေ့လာကြည့်ရှုပါက ချမ်းသာသောပုဂ္ဂိုလ်များ၏ ၆၅ ရာခိုင်နှုန်းသည် မြေကြောင့် ကြီးပွားချမ်းသာကြောင်းတွေ့ရှိရ**

**❖ အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းစိတ်ဝင်စားသောလုပ်ငန်းဖြစ်**

**❖ စနစ်တကျစိစစ်၍ ဝယ်ယူရင်းနှီးမြှုပ်နှံရန်လိုအပ်**

**❖ ပြည်သူများက မိမိပိုင်ဆိုင်သော ငွေကြေးပမာဏဖြင့် တစ်ပိုင်တစ်နိုင် မြေဝယ်ထားပါက ဆယ်စုနှစ်တစ်စုဆိုလျှင် တန်ဖိုးရှိလာသည်ကို တွေ့ရမည်**

ထိုသို့သောအခြေအနေတွင် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (MRESA) သည် ၂၀၁၂ ခုနှစ် ဇွန်လ ၂၈ ရက်နေ့က စတင်သန္ဓေတည်၍ ပြည်ထောင်စုတိုင်းရင်းသားများ စိတ်တူကိုယ်တူပေါင်းစည်းပြီး အတူလက်တွဲဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ယခုဆိုလျှင် ၁၃ နှစ်ကြာပြီဖြစ်သော NGO အဖွဲ့အစည်းတစ်ခုအဖြစ် တည်ရှိနေပါသည်။

## အထွေထွေညီလာခံကျင်းပမည်

နှစ်စဉ် တစ်နှစ်တစ်ခါကျင်းပသော အထွေထွေညီလာခံ (2025–AGM) ကို ဥက္ကဋ္ဌ ဒေါ်မို့မို့အောင် ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Novotel Yangon Max Hotel ၌ ကျင်းပသွားမည်ဖြစ်ပါသည်။ ညီလာခံသို့နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ အသင်းသား အသင်းသူ ၁၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါညီလာခံတွင်ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းရှင်များ ဆောက်လုပ်ထားသော အိမ်ရာများ၊ ကွန်ဒိုများ၊ တိုက်ခန်းများ၊ အာမခံလုပ်ငန်းများကို ပြခန်းများ ဖွင့်လှစ်ပြသမည်ဖြစ်ပါသည်။

ထိုညီလာခံသို့ ပြင်သစ်နိုင်ငံ၌ အခြေစိုက်ထားသည့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ (FIABCI) အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ Asia Pacific Convention မှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှ အိမ်ခြံမြေ (အာဆီယံ) မှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အထွေထွေညီလာခံ (2025–AGM) သို့ တက်ရောက်အားပေးမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ စင်ကာပူနိုင်ငံ One People Singapore ခန်းမ၌ကျင်းပသော Asia Pacific Convention Programme Timetable သို့ စင်ကာပူနိုင်ငံ Real Network Conter ဥက္ကဋ္ဌ စင်ကာပူနိုင်ငံ FIABCI ဥက္ကဋ္ဌ Mr.Clayton ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ ကရင်ပြည်နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဆုခက်ခက်လင်း၊ နေပြည်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇော်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးနန္ဒဟိန်း ဦးဆောင်ပါဝင်သော အသင်းသား အသင်းသူများ ၃၄ ဦး ပါဝင်တက်ရောက်ခဲ့ပြီး Asia Pacific Convention ကို Singapore နှင့် Myanmar က Founder နိုင်ငံများအနေဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

ထိုအခမ်းအနားတွင် Asia Pacific နိုင်ငံ ၁၂ နိုင်ငံမှ ဧည့်သည်တော်စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့၌ လက်ခံကျင်းပရန်နှင့် ၂၀၂၇ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရန် သဘောတူခဲ့ကြပါသည်။ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ထားပါသည်။ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပရန်အတွက် အလံတော် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

လူသားတစ်ဦးဖြစ်လာခဲ့လျှင် မွေးစက ဗလာနတ္ထိဖြင့် မွေးဖွားလာသော်လည်း လောကကြီးတွင် လူတစ်ဦး၏ “စားဝတ်နေရေး” ဆိုသည့် အရေးသုံးပါးကို မဖြစ်မနေ ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ အဆိုပါလောကသုံးပါးထဲမှ “နေရေး”ဆိုသည့် လောကတစ်ပါးနှင့် မည်သူမဆို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ အရွယ်ရောက်လာ၍ အိမ်ထောင်ပြုသည်နှင့် ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကြရမည် ဖြစ်ပါသည်။ ထိုအခါ တိုက်ခန်း(သို့) အိမ်ရာတစ်ခုကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်တွင် ပူးပေါင်းကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက မြေရာအုပ်ချုပ်ရေးသမိုင်းများ၊ အသုံးချမြေရာဥပဒေများ၊ မြေအမျိုးအစားများ၊ မြို့များနှင့် ကျေးရွာမြေများ စီမံခန့်ခွဲမှုဆိုင်ရာများ၊ ခရိုင်ကော်လိတ္တော်အရာရှိတာဝန်များ စသော ကျယ်ပြန့်သည့် မြေရာကိစ္စများ ရှင်းလင်းခြင်း၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ကြီးကြပ်ရေးအာဏာပိုင်များ ဖွဲ့စည်းထားရှိခြင်း၊ အိမ်ခြံမြေအကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်လျှောက်ထားရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ငွေကြေးခဝါချတိုက်ဖျက်ရေးကိစ္စရပ်များ(AML/CFT) ကို လည်းကောင်း၊ ဥပဒေပညာရှင်များက အိမ်ခြံမြေရောင်းဝယ်ငှား လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မြို့ပြအိမ်ရာဆိုင်ရာ လိုက်နာကျင့်သုံးရမည့်အချက်များ၊ တက္ကသိုလ်ပါမောက္ခ (အငြိမ်းစား) များ ပါဝင်သော ဆရာများက စိတ်ပိုင်းဆိုင်ရာ ပြုပြင်လိုက်နာရမည့်အချက်များ၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ တာဝန်ရှိသူများက အိမ်ခြံမြေအသင်းသား အသင်းသူများ လိုက်နာရမည့်စည်းကမ်းများ၊ ကျင့်ဝတ်သိက္ခာများ၊ ရောင်းမှားဝယ်မှား မရှိစေရန် စိစစ်စစ်ဆေးရမည့်အချက်များ၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း သင်တန်းကာလ နှစ်ရက်တာကာလအတွင်း သင်ကြားမည့် ၂၄ နာရီအား အချိန်ကာလပိုင်းခြား၍ ပြည်သူများ အိမ်ခြံမြေ အသိပညာပေးခြင်းများကို လစဉ်ပို့ချပေးလျက်ရှိပါသည်။

ယခုဆိုလျှင် တစ်နိုင်ငံလုံးအနေဖြင့် သင်တန်းသားပေါင်း တစ်သောင်းကျော် အပတ်စဉ်(၄၈/၂၀၂၅) အထိနှင့် နောက်ဆုံးသင်တန်းတက်ရောက်ခဲ့သည့် အသင်းသား နံပါတ် (၁၅၅၁၅) အထိ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

အိမ်ခြံမြေ အသိပညာပေးသင်တန်းသို့ နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများ၊ အငြိမ်းစားတပ်မတော်အရာရှိ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ၊ အငြိမ်းစားတက္ကသိုလ်ပါမောက္ခများ၊ တိုင်းဥပဒေအရာရှိများ၊ အငြိမ်းစား အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်္ဘောကပ္ပတိန်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ လူထုလူတန်းစားအလွှာအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်လေ့လာကြပါသည်။

## အတွေ့အကြုံရှိသောပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းထား

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက ကိုယ်ကျင့်တရား ကောင်းမွန်သော အိမ်ခြံမြေလုပ်ငန်းအတွေ့အကြုံရှိသည့် ဌာနဆိုင်ရာများ၊ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များနှင့် စုစည်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် အပေါင်းလက္ခဏာဆောင်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၁၈ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း ယုံကြည်စွာလိုက်နာ၍ ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး အချို့ဝန်ထမ်းများသည် အိမ်ခြံမြေလုပ်ငန်းကို မသိနားမလည်၍ မိမိတစ်သက်တာ စုဆောင်းထားသော ငွေကြေးဖြင့် တစ်အိုးတစ်အိမ် ထူထောင်ရန် ဝယ်ယူသည့်အခါ ရောင်းမှားဝယ်မှားဖြစ်ပြီး ငွေကြေးဆုံးရှုံးမှုများ ကြုံတွေ့သည့်ဖြစ်စဉ်များကို စိတ်မကောင်းစွာ ကြားသိနေရပါသည်။

မြန်မာနိုင်ငံတွင် ကြီးပွားချမ်းသာသူ ၁၀၀ ကို စနစ်တကျစိစစ်၍ လေ့လာကြည့်ရှုပါက ချမ်းသာသောပုဂ္ဂိုလ်များ၏ ၆၅ ရာခိုင်နှုန်းသည် မြေကြောင့် ကြီးပွားချမ်းသာကြောင်း တွေ့ရှိရပါသည်။ အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းစိတ်ဝင်စားသော လုပ်ငန်းဖြစ်ပါသည်။ စနစ်တကျစိစစ်၍ ဝယ်ယူရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ မည်မျှအထိ အရေးပါသည်ဆိုသည်ကို ပြဆိုရမည်ဆိုလျှင် နိုင်ငံပိုင်သတင်းစာများတွင် အိမ်ခြံမြေလုပ်ငန်း ကြော်ငြာများစွာကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သလို လွန်စွာအရေးပါသော လုပ်ငန်းဖြစ်ပါသည်။ ပြည်သူများက မိမိပိုင်ဆိုင်သော ငွေကြေးပမာဏဖြင့် တစ်ပိုင်တစ်နိုင် မြေဝယ်ထားပါက ဆယ်စုနှစ်တစ်စုဆိုလျှင် တန်ဖိုးရှိလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံ၏ အချို့ဒေသများတွင် မငြိမ်မသက်ဖြစ်ပြီး ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို ထိခိုက်လျက်ရှိသည်ကို တွေ့ကြရပါမည်။ ထိုဒေသရှိ ပြည်သူအချို့က ဒေသကို စွန့်ခွာပြီး အေးချမ်းသောဒေသသို့ ပြောင်းရွှေ့အခြေချလာသည်ကိုလည်း သတိပြုမိကြမည်ဖြစ်ပါသည်။ ထိုအခါ တည်ငြိမ်အေးချမ်းသောဒေသများ၌ အိမ်ခြံမြေလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ မြို့ရွာ အိုးအိမ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်လာလျှင် ဆောက်လုပ်ရေး၊ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်ဆောက်လုပ်သူများ၊ အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သူများ ရင်းနှီးမြှုပ်နှံလာပြီး စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီးပွားတိုးတက်လာသည်နှင့်အမျှ ၎င်းတို့နှင့် ဆက်နွှယ်သော အုတ်သဲကျောက်လုပ်ငန်းလုပ်ကိုင်သူ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဆက်စပ်သောလုပ်ငန်းလုပ်ကိုင်သူ၊ ဘိလပ်မြေ၊ သံမဏိလုပ်ငန်း၊ လျှပ်စစ်နှင့် စက်ပစ္စည်းလုပ်ငန်း၊ စက်ယန္တရားလုပ်ငန်း၊ စက်သုံးဆီ ရောင်းဝယ်သည့်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

အလားတူ လုပ်ငန်းများကောင်းမွန်လာသည်နှင့်အမျှ ဘဏ်များတွင် ငွေသွင်းငွေထုတ် များပြားလာပြီး ငွေစီးဆင်းမှု မှန်ကန်လာသည်နှင့်အမျှ ငွေကြေးတည်ငြိမ်တန်ဖိုးရှိလာမည် ဖြစ်ပါသည်။ ထိုအခါ ပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်လုပ်ငန်းများ မျှတလာပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းထားများသည်လည်း တည်ငြိမ်လာမည်ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်

လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံတော်အတွင်း ပြည်သူများ စီးပွားရေးကောင်းမွန်လာကာ မြန်မာပြည်အနှံ့ လည်ပတ်ခရီးစဉ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ထိုအခါ ဟိုတယ်လုပ်ငန်းသည်လည်း ပြန်လည်ကောင်းမွန်လာမည်ဖြစ်ပါသည်။ ထို့အတူ စားသောက်ဆိုင်လုပ်ငန်းများလည်း ပိုမိုကောင်းမွန်လာပြီး အခြေခံစားကုန်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည် ဖြစ်ပါသည်။

“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဖြစ်ရာ စီးပွားရေးကောင်းလာလျှင် ပြည်သူများလည်း အလုပ်အကိုင် ပေါများလာမည်၊ ဒုစရိုက်မှုခင်းများ ကျဆင်းလာမည်။ ပြည်သူများ စားဝတ်နေရေး ပြေလည်လာလျှင် စိတ်ဓာတ်များ လန်းဆန်းလာပြီး စိတ်ထားများကောင်းလာမည်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသည်နှင့်အမျှ မေတ္တာတရားတို့ ပိုမိုထွန်းကားလာမည်ဖြစ်ပါသည်။

ယခုကျင်းပမည့်ညီလာခံတွင် ခရုသင်းမှုတ်၍ ဖွင့်ပွဲပြုလုပ်ပြီး အိုးစည်သူငယ်တော်အက၊ အာဆီယံ မြန်မာသီချင်း၊ ထာဝရမြန်မာသီချင်း၊ ယဉ်ကျေးမှုအက၊ နောင်အင်းလေး၊ ကိန္နရီကိန္နရာ၊ ရိုးရာယိမ်းအက စသည့်သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ရာ အသင်းသား အသင်းသူများ တက်ရောက်ကြဖို့ ဖိတ်ခေါ်ရင်း ပြည်ထောင်စုအိမ်ခြံမြေပွဲတော်ဆီသို့တက်ရောက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးဖြစ်လာမည့် အရာရှိကြီးများအား နိုင်ငံတော်၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို ကောင်းစွာ သဘောပေါက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများ သိရှိနားလည်စေရန်၊ ဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပိုမိုကျေညက်စေရန်၊ ဆန်းသစ်သော အတွေးအခေါ် အယူအဆများနှင့် ဦးဆောင်နိုင်မှု စွမ်းရည်မြင့်မားစေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုပြီး အဆင့်မြင့် တာဝန်များကို ထမ်းဆောင်နိုင်စေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိသူများဖြစ်၍ အရည်အချင်းများပြည့်မီရန်၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ပြီး နိုင်ငံ့ဝန်ထမ်းပီသစွာ နိုင်ငံအပေါ် သစ္စာရှိကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂)သို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံအကောင်အထည်ဖော်ခြင်းဆိုင်ရာ တရုတ် - မြန်မာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် China Media Group(CMG)တို့ ပူးပေါင်းကျင်းပသည့် အတူဆွေးနွေးခြင်း၊ အတူတည်ဆောက်ခြင်း၊ အတူမျှဝေခြင်း "ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံ" အကောင်အထည်ဖော်ခြင်းဆိုင်ရာ တရုတ်-မြန်မာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong၊ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဝါရင့်အကြံပေးပုဂ္ဂိုလ် ဒေါက်တာနိုင်ဆွေဦးနှင့် အဖွဲ့ဝင် ဒေါက်တာခင်မောင်လွင်၊ ဆွေးမျိုးပေါက်ဖော် မဂ္ဂဇင်းမှ တာဝန်ရှိသူ များ၊ အမျိုးသားဒီဂရီကောလိပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ "ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ" မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံမှူးကြီး Dr. Zheng Zhihong က ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံတို့နောက်တွင် တရုတ်နိုင်ငံမှ ထပ်မံအဆိုပြုသည့် နောက်ထပ်အရေးပါသော အစီအမံတစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်ကိုကြည့်ပါက တရုတ်နိုင်ငံသည် တာဝန်ယူမှုရှိသော နိုင်ငံကြီး၏ အခန်းကဏ္ဍကို ဆက်လက်ဖော်ထုတ်၍ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပြည့်စုံတိုးတက်မှုရှိစေရေးအတွက် နည်းလမ်းများနှင့် ခွန်အားများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နိုင်ငံရေးရာစီမံခန့်ခွဲမှုအတွေ့အကြုံ ကူးလူးဖလှယ်မှုများ တိုးမြှင့်လုပ်ဆောင်ပြီး ခေတ်မီတိုးတက်ရေး လမ်းကြောင်းပေါ်တွင် အတူလက်တွဲချီတက်ကာ တရုတ်- မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကို ရေရှည်တည်မြဲစွာ တိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် "ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ၏ အနှစ်သာရ၊ ယနေ့ကမ္ဘာကြီးအတွက် အရေးပါမှုနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံမှ ဖော်ဆောင်ပေးသောလမ်းစ"စသည့် ခေါင်းစဉ်တို့ဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုတို့ကို မတူညီသော ရှုထောင့်များဖြင့် တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပင်းဘောနယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်ထိန်လင်းအောင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပင်းဘောကျေးရွာအုပ်စုရှိ ဓမ္မာရာဇိက အောင်တော်မူဘုရားကြီးဝင်းအတွင်း စက်တင်ဘာ ၂၂ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ သန်းလွင်ဦး(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ဦးစီးသော တပ်ဖွဲ့ဝင်များက ခရမ်းမြို့နယ် (၂)ရပ်ကွက် မင်းလမ်း အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ အောင်ကျော်(ပြန်/ဆက်)

## ကယားပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

လွိုင်ကော် စက်တင်ဘာ ၂၂

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကယားပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ကယားပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းစိုးက အမှာစကားပြောကြားသည်။



ဆက်လက်၍ ပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးက အဂတိလိုက်စားမှု လျှော့နည်းပပျောက်ရေး မူခင်းဖြစ်စဉ်များနှင့် ဆက်စပ်၍ အသိပညာပေးဆွေးနွေးခြင်း၊ အဖွဲ့ဝင် ပြည်နယ် ဥပဒေအရာရှိက အဂတိလိုက်စားမှု လျှော့နည်းပပျောက်ရေးအတွက် ဥပဒေရေးရာ အသိပညာပေး ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကုမ္ပဏီများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ရေးဆွဲလိုက်နာရေးနှင့်စပ်လျဉ်း၍ အသိပေး ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric ကောက်ယူခြင်း ဆောင်ရွက်

တပ်ကုန်း စက်တင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းထွန်းမင်း ကြီးကြပ်ပြီး လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဆောင်၍ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric အချက်အလက် ကောက်ယူခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများ လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အဆင်ပြေထုတ်ယူနိုင်စေရန် အထူးအစီအစဉ်အနေဖြင့် လစဉ် ၂၁ ရက်မှ စတင်ကာ ပင်စင်လာထုတ်ယူသည့် နေ့တိုင်း မြို့နယ်အတွင်း ပင်စင်ထုတ်ယူသူများအား Biometric ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးခြင်း နှင့် UID နံပါတ်များ ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



# ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က မဲစာရင်းပြုစုရာတွင် ပြည့်စုံမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူတိုင်းမဲပေးနိုင်ရေး၊ မဲပေးခွင့်မရှိသူများ မဲစာရင်းတွင် ပါဝင်ခြင်းမရှိစေရေး ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်မြေပြင်ကွင်းဆင်း



စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဗဟိုအစည်းအဝေးညွှန်ကြားချက်များ၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှု၊ e-ID Server အတွင်းဆောင်ရွက်ပြီးစီးမှု၊ ပန်းခင်းစီမံချက်အဆင့်(၃)ဆောင်ရွက်မှု၊ Biometric ကောက်ယူမှု၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ မဲစာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာနိုင်ရေးပြင်ဆင်ဆောင်ရွက်မှု၊ လိုအပ်သောမဲပေးစက်များထုတ်ယူမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ်များအလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှု၊ ရွေးကောက်ပွဲဆောင်ရွက်နိုင်မည့်အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းတင်သွင်းမှု၊ မဲရုံလျာထားစာရင်း၊ မဲပေးစက်ဆိုင်ရာအသိပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းမှန်ကန်ရေးစိစစ်နေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လယ်ယာသားငါးကဏ္ဍမြှင့်တင်ရေး ဘက်စုံကြိုးပမ်း



**နေပြည်တော် စက်တင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုလ်မိုလ်ကျော်သည် ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(ဟဲဟိုး)၏ သင်ကြားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီး၏တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျောင်းသားကျောင်းသူများအား ကျောင်းပြီးသည့်အခါ နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ထူးချွန်မှုအလိုက် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် အသစ်ထပ်မံဖွင့်လှစ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးတက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးနိုင်မှုအခွင့်အလမ်းများကို ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းသားကျောင်းသူများ အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များကြောင့် သီးနှံထုတ်လုပ်မှု ကွင်းဆက်လျော့ကျမှုမရှိစေရေး၊ ကုန်းမြင့်လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ်ရှိ ကျော့မောင်ငယ် ရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေမှု၊ ရေလွှဲဆည် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှံ့လျှားဆိုလာစနစ်သုံးအနိမ့်တင်ပန့်များဖြင့် လယ်မြေများသို့ စိုက်ပျိုးရေ တိုးမြှင့်ပေးဝေရေး၊ ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ရေသွင်းရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ချောင်းကော မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများ ဦးစားပေးအလိုက် လျာထားစီမံဆောင်ရွက်ကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ညောင်ရွှေမြို့အဝင် ကျော့မောင်ငယ် ရေလွှဲဆည် ရေသောက်စနစ်အတွင်းရှိ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသင့်သည့် သီးနှံများကို ပေါင်ကြီးတင်စနစ်ဖြင့် စံပြကွက်များ ဖော်ဆောင်ပေးရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တောင်သူများ သီးနှံစိုက်စွမ်းအား တိုးမြှင့်ပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကလောမြို့နယ်၌ သမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ကလော စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဝါးရုံပင်ကျေးရွာအုပ်စု ဝါးရုံပင်ကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း)စိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိသည့် စိုက်ကွင်းအမှတ်(၂) အခြေအနေကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများက အသင်းမှလိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

# မိုင်းခတ်မြို့နယ် ယန်းကျန်ကျေးရွာအဝင် သံကူကွန်ကရစ်တံတားလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုင်းတုံ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ် (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုင်းနှုန်းကျေးရွာအုပ်စု ယန်းကျန်ကျေးရွာအဝင် သံကူကွန်ကရစ်တံတား ဆောင်ရွက်နေမှု မြေပြင်အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ



တွင် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းလင်းနှင့် မြို့နယ်တာဝန်ခံတို့က ယန်းကျန်ရွာအဝင် သံကူကွန်ကရစ်တံတား အရှည်ပေ ၅၀၊ အနံပေ ၂၀ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားနိုင်ရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်ကြသည်။

အဆိုပါ ရွာအဝင်တံတား ပြီးစီးပါက အနီးပတ်ဝန်းကျင်ရှိကျေးရွာများအတွက် ဒေသထွက်ကုန်များ အချိန်မီပို့ဆောင်နိုင်ခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းနိုင်ဦး ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ သန်းလူ(ပြန်/ဆက်)

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံပင့်ဆောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

ညောင်ရွှေ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် လေးဆူ အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံပင့်ဆောင်ပွဲ မင်္ဂလာအခမ်းအနား ပထမပိုင်းကို စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီက ရုပ်ရှင်တော်မြတ်များ ထာဝရသီတင်းသုံး စံပယ်တော်မူရာ နမ့်ဟူးစံကျောင်းတော်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ ကြွရောက်လာကြသည့် မိုင်းသောက်ပထမစာသင်တိုက် ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များနှင့် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့ အမှူးပြုသော ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နမ့်ဟူးကျောင်းဆရာတော် ဦးဝိဇယအရှင်မြတ်က မာရ်အောင်မင်္ဂလာ ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။



ထို့နောက် တောင်ခြေကျောင်းဆရာတော် ဦးကောဝိဒက ကောင်းတင်းခြိမ့်ညံ့ ကြွေးကြော်သံဂါထာတော်နှင့် ရွှေညာဏ်တော်ဖွင့်ဂါထာတော်များ ရွတ်ဖတ်ပူဇော်ပြီး ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များအား အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဧည့်သည်တော်ကြီးများက ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နံနက် ၆ နာရီတွင် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ပြုလုပ်ရာ မိုင်းသောက်ပထမစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူပန်ဆင်ကြသည်။

**ပင့်ဆောင်ပူဇော်**

ထို့နောက် ညောင်ရွှေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံပါမည့် အကြောင်း ပင့်ပန်လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားပြီး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်ပထမအဆူကို ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က လည်းကောင်း၊ ဒုတိယအဆူကို ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက လည်းကောင်း၊ တတိယအဆူကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက လည်းကောင်း၊ စတုတ္ထအဆူကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ကျော်ဟန်က လည်းကောင်း အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူတို့အား နံနက် ၇ နာရီတွင် အင်းသားရိုးရာဆွဲလှေ ၄၆ စင်းဖြင့် ရေလမ်းခရီး ပင့်ဆောင်ပူဇော်ကြပြီး စက်တင်ဘာ ၂၂ ရက်တွင် ကြေးပေါါခုံစံကျောင်းတော်၌ တစ်ညတာ ကိန်းဝပ်အပူဇော်ခံပြီး စက်တင်ဘာ ၂၃ ရက်တွင် အင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမစံကျောင်းတော်သို့ ဆက်လက်ကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



## လပွတ္တာခရိုင်၌ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လပွတ္တာ စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ၃၉မိုင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀နာရီက ခရိုင်အဆင့် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ဆင့်က သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆)ပါ အခွင့်အရေးများ၊ လပွတ္တာခရိုင်အတွင်း သက်ကြီးရွယ်အိုများအတွက် ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါမြို့ အေးချမ်းသာယာရပ်ကွက် အလိုပြည့်သောက်ရေကန်၌ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ဒိုက်ဦးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ဒိုက်ဦး စက်တင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန် ရည်ရွယ်၍ သဘာဝရေပြင်အတွင်းသို့ စက်တင်ဘာ ၂၂ ရက်က ငါးမျိုးစိုက်ထည့်ဆောင်ရွက်သည်။



အဆိုပါ အခမ်းအနားသို့ ညောင်လေးပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးထိန်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသက်နောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အင်းသားကြီးများ၊ ရေလုပ်သားများက သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀နှင့် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်းကောင်ရေ ၁၅၀၀၀၀တို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ အခွန်ဥပဒေအကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၂**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ အခွန်ဥပဒေ အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည်။



ဦးစွာ ဟောပြောပွဲတွင် မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ ခင်ခင်ဌေးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက အခွန်ဥပဒေအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## သရက်ခရိုင်၌ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ဆောင်ရွက်နိုင်ရေး လေ့ကျင့်မှုများဆောင်ရွက်

သရက် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ဒေသတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ အသင့်ကယ်ဆယ်ဆောင်ရွက်နိုင်ရန် တပ်ဖွဲ့ဝင်များအား အသင့်စုဖွဲ့၍ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်လျက်ရှိရာ သရက်ခရိုင်တွင်လည်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ အသင့်ကယ်ဆယ်ဆောင်ရွက်နိုင်ရန် သရက်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များစုဖွဲ့ကာ ကယ်ဆယ်ရေးသုံးစက်ပစ္စည်းများ၊ အထောက်အကူပြုကိရိယာများဖြင့် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သရက်ခရိုင်အတွင်း မီးလောင်မှုအကြိမ်ရေနှင့် မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန် ရည်ရွယ်လျက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များရှိ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ အသင့်ရှိ/ မရှိစစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်

**စစ်တွေ စက်တင်ဘာ ၂၂**

အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ဆောင်ရွက်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်ကာ ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး အငြိမ်းစားဝန်ထမ်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကျပ် ၄၀၅၀၀၀၀ ပေးအပ်ချီးမြှင့်ကာ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)






# အိမ်မဲမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**အိမ်မဲ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက် ဦးဇော်မင်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်သမဝါယမအသင်း၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် အသင်း၏လုပ်ငန်းလည်ပတ်မှုများကို ကောင်းမွန်စွာဆောင်ရွက်နိုင်ရေး ကြိုးစားပေးရန်ပြောကြားပြီး အိမ်မဲမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက် ရယူခဲ့သည်။

အိမ်မဲ(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ DTကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်း ဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများကို DT ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင်



မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသီသီလတ်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကျောင်းအတွင်းရှိ အသက် ငါးနှစ်မှ ခုနစ်နှစ်အတွင်း KG ကျောင်းသားကျောင်းသူ ၂၉၉ ဦးအား DT ကာကွယ်ဆေး ထိုးနှံပေးခြင်းကိုလည်းကောင်း၊ အသက် ကိုးနှစ်မှ ၁၀ နှစ်အတွင်း ကျောင်းသူ ၁၆၉ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးခဲ့ကြပြီး သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရဲလေး(ပြန်/ဆက်)

# ကရင်ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခွေးရူးရောဂါဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာတင်နွယ်ရီနှင့် ဘားအံခရိုင်ဦးစီးမှူး ဒေါက်တာခင်ငယ်အောင်တို့က ခွေးရူးရောဂါဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကာ ခွေးနှင့်ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြသည်။



အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်အပြီးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံသို့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ နှလုံးအိမ်ပုဂ္ဂလိက အထူးကုဆေးရုံအား မီးဘေးလုံခြုံရေးစစ်ဆေး



**ကျောင်းကုန်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၄) ရပ်ကွက် မင်းလမ်းရှိ “နှလုံးအိမ်” ပုဂ္ဂလိက အထူးကုဆေးရုံအား ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေး စစ်ဆေးခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်၍ ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူရနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းတို့က “နှလုံးအိမ်” ပုဂ္ဂလိကအထူးကုဆေးရုံ၌ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် မီးသတ်ဆေးဘူးထားရှိမှုတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က အထက(၃)၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် စခန်းမှူး ဒုရဲမှူးဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ရာမည(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ ခေတ္တဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသွင်ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမင်းသီရိ၊ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ဦး၊ မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးဇော်ဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# နောင်ချိုမှာ ပွင့်လန်းလာသည့် ပညာပန်း

## ပညာရေးဝန်ထမ်းတစ်ဦး

ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးကို အရေးကြီးသည့်ကိစ္စတစ်ရပ်အဖြစ် နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသည်။ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူ၍ နှိုးဆော်တိုက်တွန်းနေရခြင်းမှာ ပညာတတ်လူငယ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် မျှော်မှန်းချက်ပင်ဖြစ်သည်။


ဒေါ်နန်းညွန့်ညွန့်


ဒေါ်လှလှမြင့်


ဆရာမ ဒေါ်ဖြူဖြူလွင်


မောင်ဇင်ယော်ထွန်း


မနန်းမေဖူးစံ

ကျောင်းတက်ရမည့် အရွယ်တွင် ကျောင်းသား ကျောင်းသူတိုင်း ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ ကျောင်းတက်နေသည့် ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်ပညာများ သင်ယူ ပြီးမြောက်စေရေးတို့ကို နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်စီးကာ ကျောင်းများကို တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့်အတွက် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ကြရသည်။ ယခုအခါ နောင်ချိုမြို့တွင် အေးချမ်းသာယာလာပြီဖြစ်၍ အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးနိုင်ခဲ့ပြီဖြစ်သည်။

နောင်ချိုမြို့နယ် အတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်ခါစ၌ ကျောင်း ၂၀ ဝန်းကျင်သာ ဖွင့်လှစ်နိုင်ခဲ့သော်လည်း ဒေသအာဏာပိုင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထုများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုစက်တင်ဘာလဆန်းတွင် အခြေခံပညာကျောင်းပေါင်း ၁၆၀ ကျော်အထိ ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀၀၀ ကျော်ထိတိုးတက်လာပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြပြီဖြစ်သည်။ ဆက်လက်ဖွင့်လှစ်မည့်ကျောင်းများနှင့် ကျောင်းလာတက်သည့် ကျောင်းသားအရေအတွက် နေ့စဉ်နှင့်အမျှ တိုးလာနေသည်မှာ ကြည်နူးစရာပင်။ တစ်နည်းဆိုသော် နောင်ချိုမြို့တွင် ပညာပန်းများ ပြန်လည်ပွင့်လန်းလာခြင်းပင်ဖြစ်သည်။

စာရေးသူသည် စက်တင်ဘာ ၁၂ ရက်က ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့်အတူ နောင်ချိုမြို့နယ်သို့ ပညာရေးမြှင့်တင်ရေး ခရီးစဉ်တွင် လိုက်ပါ၍ သတင်းရယူခွင့်ရခဲ့သည်။ ခရီးစဉ်အတွင်း အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တွေ့ဆုံပွဲအပြီးတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမ၊ ကျောင်းသားမိဘ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ရာ နောင်ချိုမြို့တွင် ပညာပန်းများ ပြန်လည် ပွင့်လန်းလာနေသည့် အခြေအနေနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ပီတိစကားသံများကို ယခုလို ကြားသိခဲ့ရသည်-

**ဒေါ်နန်းညွန့်ညွန့်**
**ကျောင်းအုပ်ကြီး၊ အထက(လုံကာ)**

ကျောင်းတွေ အခုလို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အင်မတန်ဝမ်းသာရပါတယ်။ ကျောင်းပိတ်ထားတဲ့အတွက် ကျွန်မတို့ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အင်မတန် အားငယ်ခဲ့ရပါတယ်။ ကလေးတွေအတွက် စိတ်မချမ်းသာရပါဘူး။ ပညာသင်ကြားဖို့ တစ်နှစ်တာနောက်ကျသွားလို့ အင်မတန် စိတ်မကောင်းဖြစ်ရတယ်။ ကျောင်းပြန်ဖွင့်ချိန်မှာ မိဘတွေနဲ့ပူးပေါင်းပြီး ကလေးတွေကို ကျောင်းကိုရောက်အောင် ခေါ်ပါတယ်။ ကျောင်းပြန်တက်ဖို့ စီစဉ်ပါတယ်။ မိဘတွေကလည်း ကလေးတွေကို ပညာတတ်စေချင်ကြတယ်။ နိုင်ငံတော်အစိုးရက လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတာ ဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ အခုလို ကျောင်းတွေ အချိန်မီပြန်ဖွင့်ပေးတဲ့အတွက် ကျွန်မတို့ ဆရာ ဆရာမတွေကလည်း အားတက်သရော အချိန်ပိုတွေ သင်ကြားပေးနေပါတယ်။ ဒါကြောင့် ကျွန်မတို့က အချိန်နဲ့တစ်ပြေးညီ ကျောင်းပြန်ဖွင့်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေကလည်း စိတ်အားတက်ကြွစွာနဲ့ စာသင်နေကြပါတယ်။ ကျောင်းသားကျောင်းသူတွေရဲ့လိုအပ်ချက်တွေကို မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကော်မတီတွေက ပူးပေါင်းပြီး ဆောင်ရွက်သလို နိုင်ငံတော်အစိုးရကလည်း ပျက်စီးသွားတဲ့ ကျောင်းဆောင်တွေကို အချိန်နဲ့တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

**ဒေါ်လှလှမြင့်**
**ကျောင်းသားမိဘ၊ ဘူတာရပ်**

ကျောင်းတွေ ပြန်လည်ဖွင့်လှစ်တဲ့အပေါ် အတိုင်းမသိ ဝမ်းသာပါတယ်။ ဆရာ ဆရာမအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့ ယာယီတိုက်ပွဲရှောင်ကာလမှာ သွားရေး၊ လာရေး အပါအဝင် ကျွန်မတို့ အတော်ဒုက္ခရောက်ခဲ့ရပါတယ်။ အခုလို နောင်ချိုမြို့မှာ ကျောင်းတွေပြန်ဖွင့်ပြီဆိုတော့ ကျွန်မတို့ ကလေးတွေအတွက် ဝမ်းသာရပါတယ်။

**ဆရာမ ဒေါ်ဖြူဖြူလွင်**
**အလယ်တန်းပြ**
**အထက(၁) နောင်ချို**

၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်၊ အဲဒီနေ့က အင်္ဂါနေ့ပါ။ တနင်္လာနေ့မှာ ကျွန်မတို့ ကျောင်းတက်သေးတယ်။ အင်္ဂါနေ့မနက် ကျောင်းတက်မယ့် အချိန်မှာ ရုတ်တရက်ဖြစ်သွားတော့ ကျွန်မတို့ ကလေးတွေနဲ့ ခွဲခွာလိုက်ရပါတယ်။ မနှစ်တုန်းက Grade-9 မှာ ကျောင်းသား ၂၉၀ လောက်ရှိတယ်။ သူတို့ကို ကျွန်မ ပညာမသင်ပေးနိုင်ခဲ့ပါဘူး။ အခုတော့ ကျွန်မတို့ အားကြိုးမာန်တက် သင်ကြားနေပါတယ်။ အခက်အခဲတွေကြားထဲမှာ လာပြီးပညာသင်တဲ့အတွက် ကျွန်မဝမ်းသာပါတယ်။ ဒီထက် အများကြီး လာစေချင်ပါတယ်။ တချို့ကလေးတွေကတခြားမြို့တွေမှာသွားပြီး ပညာသင်ကြတယ်ထင်ပါတယ်။ အခု ဒီအတန်းမှာရှိတဲ့ကလေးတွေက မနှစ်က တစ်နှစ်ပတ်လုံး စာမသင်ခဲ့ရတဲ့ ကလေးတွေဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ကျောင်းသားအဟောင်းလေးတွေပါ။ ကျွန်မတို့ရဲ့ Register ထဲမှာရှိတဲ့ ကလေးတွေ အကုန်ပြန်လာပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ အဝေးမှာရောက်ပြီး မသင်ရသေးတဲ့ကလေးတွေ ပြန်ပြီးတော့ လာကြပါလို့ ဖိတ်ခေါ်ပါတယ်။ အားလုံးကို ပညာသင်ပေးချင်ပါတယ်။

**မောင်ဇင်ယော်ထွန်း၊ Grade-11**
**အထက(၁) နောင်ချို**

သားတို့ ကျောင်းပိတ်ထားတဲ့အခါကျတော့ ဒုက္ခရောက်ခဲ့တယ်။ ကိုယ့်အိမ်တွေ၊ ဆိုင်တွေကိုလည်း ပစ်သွားခဲ့ရတယ်။ သားတို့ရဲ့ သူငယ်ချင်းတွေကျတော့ တခြားမြို့တွေမှာသွားပြီး ကျောင်းတက်နိုင်တယ်။ သားတို့ကျတော့ တခြားနေရာမှာသွားပြီး ကျောင်းတက်ဖို့ဆိုရင် လိုအပ်ချက်တွေ ရှိတယ်။ မိသားစုရေးရာရော၊ စားဝတ်နေရေးရော လိုအပ်ချက်တွေ ရှိတဲ့အတွက်ကြောင့် ကျောင်းမတက်ဘဲ မိသားစုစီးပွားရေးကိုပဲ အတူတူ ကူပြီးလုပ်ခဲ့ရတယ်။ သားသူငယ်ချင်းတချို့လည်း တက်နိုင်တယ်။ တချို့က မတက်နိုင်ပါဘူး။ အခုတော့ ပြန်လာပြီး ကျောင်းတက်ကြတယ်။ ပြန်မလာသေးတဲ့ သူငယ်ချင်းတွေကိုလည်း သားတို့နဲ့အတူ ပြန်လာပြီးတက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ အခု အေးချမ်းသွားပါပြီ။ သားတို့ကျောင်းမှာလည်း ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအားလုံး တက်ညီလက်ညီနဲ့ ကြိုးကြိုးစားစား စာတွေကို သင်ယူနေကြပါတယ်။

**မနန်းမေဖူးစံ၊ Grade-10**
**အထက(၁) နောင်ချို**

သမီးတို့က ဒီမှာကျောင်းစပိတ်တဲ့အချိန်မှာ ရှောင်ခဲ့ရပါတယ်။ အလောတကြီး ရှောင်ရတဲ့အချိန်မှာ ဘာပစ္စည်းမှ မယူနိုင်ခဲ့တဲ့အတွက် ကျောင်းတက်ဖို့လည်း ခက်ခဲခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျောင်းကနေစပြီး ပြေးခဲ့ရတာလည်းဖြစ်တဲ့အတွက် အိမ်က မိသားစုတွေနဲ့ တကွဲတပြားစီဖြစ်ကုန်ပြီး ဘာမှပါမလာတဲ့အတွက် ဝတ်ဖို့၊ စားဖို့တောင် မနည်းကို ရုန်းကန်ခဲ့ရပါတယ်။ အခက်အခဲတွေလည်း အများကြီး ရှိခဲ့တယ်။ ကိုယ့်အိုး ကိုယ့်အိမ် မဟုတ်တဲ့အတွက် သူများရဲ့အရိပ်အခြည်ကိုလည်းကြည့်ရပါတယ်။ ပြီးတော့ ကိုယ့်အရပ်ဒေသ မဟုတ်တဲ့အတွက် ဘယ်ကနေ ဘယ်လိုစပြီး လှုပ်ရှားရမယ် ဆိုတာကို မသိခဲ့ပါဘူး။ အခု ကျောင်းပြန်ဖွင့်တဲ့အချိန်မှာ ကိုယ့်နေရာဒေသကို ပြန်လာပြီး ကိုယ့်အိမ်ကနေပဲ ကျောင်းတက်ရတယ်ဆိုတော့ အဆင်ပြေပါတယ်။ ကိုယ့်အရပ် ကိုယ့်ဒေသမို့ ပျော်ပါတယ်။ စားဖို့ သောက်ဖို့ဆိုတာလည်း ပူစရာမလိုတော့ဘူး။ စိတ်ပူစရာ မလိုတော့ဘူး။ ကိုယ်အရင်တုန်းက နေခဲ့ရတဲ့ နေရာလည်းဖြစ်လို့ ပျော်ပါတယ်။ သမီးတို့သူငယ်ချင်းတွေထဲမှာ ကွဲသွားတဲ့သူငယ်ချင်းတွေလည်းရှိတယ်။ အခု ပြန်မတက်နိုင်သေးတဲ့ သူငယ်ချင်းတွေကိုလည်း ကိုယ့်မြို့ကိုယ့်ရွာမှာ ပြန်နေလို့ရပြီဖြစ်တဲ့အတွက် အရင်လို ပြန်လည်ငြိမ်းချမ်းနေပြီဖြစ်လို့ ပြန်လာစေချင်ပါတယ်။ အခုလို ကျောင်းပြန်တက်နိုင်အောင် လုပ်ပေးခဲ့တဲ့ လူကြီးတွေရော၊ ဆရာ ဆရာမတွေရော ကျေးဇူးတင်ပါတယ်။ သမီးတို့လည်း ပျော်ရွှင်ရပါတယ်။

နိုင်ငံတော်အစိုးရနှင့် မိဘပြည်သူများ၊ ဆရာ ဆရာမများ၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုကြောင့် နောင်ချိုမြို့တွင် ကျောင်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။ ယခုပညာသင်နှစ်တွင် နောင်ချိုမြို့၌ ပညာပန်းများ ပြန်လည်ပွင့်လန်းနေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေကြသည်ကို တွေ့မြင်ကြရပြီဖြစ်သည်။ ဤဒေသတွင် ပညာသင်ယူမှု အခွင့်အလမ်းများ အပြည့်အဝရရှိခြင်းနှင့် အတူ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝတို့သည်လည်း အလျင်အမြန် ဖွံ့ဖြိုး တိုးတက်လာတော့မည်မှာ မလွဲကေန်ပင် ဖြစ်ပါတော့သည်။

---

**❂ MNL အမှတ်ပေးပြိုင်ပွဲမှ**

မိနစ် ၂၀ ကျော်မှာပင် နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။ ၂၅ မိနစ်တွင် မူစတာဖာက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း ပထမပိုင်းပြီးခါနီးတွင် ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် တတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ၈၁ မိနစ်တွင် ခင်ကျော်ဝင်းက ဒုတိယချေပဂိုးသွင်းယူနိုင်သော်လည်း ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်သဖြင့် သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ စက်တင်ဘာ ၂၁ ရက်က ကစားသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အံ့အားသင့်ဖွယ်ရှုံးပွဲနှင့်အတူ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသည်။

**တက်လှမ်းနိုင်ခဲ့**

ပွဲစဉ် (၄) တွင် ဇေယျာထိပ်ပိုင်းအသင်းများ နိုင်ပွဲပျောက်ခဲ့သဖြင့် ဟံသာဝတီယူနိုက်တက်အသင်းက ဂိုးကွာခြားချက်အသာဖြင့် ဇေယျာထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းက ၁၀ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ကိုးမှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ခုနစ်မှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက ခြောက်မှတ်၊ မဟာယူနိုက်တက်အသင်း၊အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့က လေးမှတ်စီ၊ Dagon Port အသင်းက သုံးမှတ်၊ ရာမညယူနိုက်တက်အသင်းကတစ်မှတ်ရထားပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။ ယင်းအသင်းများအနက် ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့မှာ သုံးပွဲစီသာကစားရသေးပြီး ကျန်အသင်းများမှာ လေးပွဲစီကစားထားပြီးဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း ဦးစီးသော တပ်ဖွဲ့ဝင်များက မင်းလှမြို့ အမှတ်(၂) ရပ်ကွက်ရှိ ရွှေဘုန်းသာဘုရား၌ စက်တင်ဘာ ၂၀ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ထက်အောင်လင်း



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလွင်သက်အောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာ သတ္တဌာနဗုဒ္ဓစံရာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၂၂ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကောင်းမြတ်သူ(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၇ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**




# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

"ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၉-၂၀၂၅ ရက်နေ့မှ ၂၄-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၉-၂၀၂၅ ရက်နေ့မှ ၂၆-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# မြောက်ဥက္ကလာပမြို့နယ်၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥများရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အများပြည်သူများသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း သတ်မှတ်စုရပ်နေရာများတွင် ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥတစ်လုံး ၃၆၅ ကျပ်နှုန်းဖြင့် ကြက်ဥအလုံးရေ ၂၁၀၀၀ ကို မြို့နယ်အတွင်းရှိ (ခ)ရပ်ကွက် မဈေးလမ်း၊ (ဆ)ရပ်ကွက် မေခါဝီလမ်း၊ (ရွှေပေါက်ကံ/ ၁၄ ရပ်ကွက်) ရာဇဓိရာဇ်လမ်း၊ (ည)ရပ်ကွက် ဧရာလမ်း ရပ်ကွက်များအလိုက် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ဈေးနှုန်းချိုသာစွာဖြင့် စနစ်တကျ ဖြန့်ဝေရောင်းချပေးရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ကံမမြို့နယ်ရှိ ကျေးရွာများ၌ အောင်နိုင်တိုးမိုးစပါး အောင်မြင်ဖြစ်ထွန်း

**ကံမ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် တောင်သူများ၏ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးမှ သိရသည်။



မိုးစပါး ၂၄၂၆၂ ဧကအပေါ်တွင် အောင်နိုင်တိုး ၃၀၃၃ ဧက၊ ရေဆင်းပေါ်ဆန်း(၁) ဧက ၄၀၊ မနောသုခ ၄၂၃၆ ဧက၊ ဆာဖိုးသာ ၅၀၆၅ ဧကနှင့် မော်ဘီ(၂) ၁၁၈၈၈ ဧက စိုက်ပျိုးထားပြီး ပန်းတိုင်အထွက်နှုန်း တိုးတက်စေရေးအတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ် ပေါင်းပျိုးအပါအဝင် တိုက်ရိုက်အစေ့ချ ကိရိယာများ၊ ကောက်စိုက်စက်များဖြင့် အသုံးပြုစိုက်ပျိုးထားရှိသည်။

ယခင်နှစ် နွေစပါးရာသီတွင် စိုက်ဧက ၂၀၂၉ ဧက စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၈ ဒသမ ၇၉ တင်းနှုန်း ထွက်ရှိခဲ့ပြီး ယခုနှစ်မိုးရာသီတွင် အထွက်နှုန်းကောင်းမွန်စေရန်အတွက် သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး မိုးစပါးစိုက် တောင်သူများထံသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ပေးအပ်လျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

# ကျောက်တန်းမြို့နယ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်သူများထံသို့ ဖြန့်ဖြူးပေးမည့် Drum Seeder များအသုံးပြုခြင်း အကျိုးကျေးဇူးများနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျောက်တန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တောင်သူများထံသို့ ဖြန့်ဖြူးပေးမည့် Drum Seeder များအသုံးပြုခြင်း အကျိုးကျေးဇူးများနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်း တိုးတက်စေရေးအတွက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**



# ပါလက်စတိုင်းအား နိုင်ငံအဖြစ်အသိအမှတ်ပြုခဲ့သည့် ဆောင်ရွက်ချက်အား ရှုတ်ချကြောင်း နေတန်ယာဟုပြောကြား



**ဂျေရုဆလင် စက်တင်ဘာ ၂၂**

ပါလက်စတိုင်းအား နိုင်ငံအဖြစ်အသိအမှတ်ပြုခဲ့သည့်ဗြိတိန်၊ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့၏ ဆောင်ရွက်ချက်ကို ရှုတ်ချကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

**မှတ်ချက်ပြုပြောကြား**

ပါလက်စတိုင်းအား နိုင်ငံအဖြစ်အသိအမှတ်ပြုခြင်းသည် အကြမ်းဖက်ဝါဒကို ထောက်ပံ့ခြင်းဖြစ်သည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

အဆိုပါဆောင်ရွက်ချက်အား ကြိုဆိုကြောင်းနှင့် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသည့်ဆောင်ရွက်ချက်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်က ပြောကြားသည်။

နှစ်ပြည်ထောင် ဖြေရှင်းချက်ကို အသိအမှတ်ပြုသည့်အနေဖြင့် ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီးယားစတန်မာက ပြောကြားသည်။ ပါလက်စတိုင်းများ၏ ဆန္ဒဖြစ်သည့် ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးကို ထောက်ခံကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်ထော်နီအယ်ဘားနိစ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်တို့က ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုကြောင်း ကနေဒါဝန်ကြီးချုပ် မတ်ကာနေက ပြောကြားသည်။ အစ္စရေးအစိုးရသည် ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးကို ဟန့်တားနေပြီး အနောက်ဘက်ကမ်းတွင် နယ်မြေချဲ့ထွင်ခြင်းကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တိုင်ဖွန်းမုန်တိုင်း ရာဂါဆာ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်

**ပေကျင်း စက်တင်ဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ တိုက်ခတ်လာသည့် တိုင်ဖွန်းမုန်တိုင်း ရာဂါဆာကို ကာကွယ်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးတုံ့ပြန်ရေးအေဂျင်စီအပါအဝင် ဝန်ကြီးဌာနများက ပြင်ဆင်ဆောင်ရွက်ရေးအတွက် သမ္မတဖာဒီနန် မားကို့စ်ဂျူနီယာက ညွှန်ကြားခဲ့သည်။



လေတိုက်နှုန်းတစ်နာရီလျှင် ၂၉၅ ကီလိုမီတာရှိသည့် ယင်းတိုင်ဖွန်းမုန်တိုင်းသည် ဗာဗူယန်ကျွန်းနှင့် ကေလာယန်ကျွန်းတို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ကေလာယန်ကျွန်းတွင် မြေပြိုခြင်းဖြစ်ပွားခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ နိုင်ငံမြောက်ပိုင်း ကာဂါယန်ပြည်နယ်ရှိ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများအား ဘေးလွတ်ရာ ပြောင်းရွှေ့ရေးညွှန်ကြားခဲ့ပြီး လေပြင်းတိုက်ခြင်းနှင့် မိုးသည်းထန်ခြင်းတို့ဖြစ်ပွားခဲ့သည်။ မက်ထရိုမနီလာဒေသနှင့် လူဇုံဒေသတို့ရှိ လုပ်ငန်းများနှင့် ပညာသင်ကြားခြင်းများကို ရပ်ဆိုင်းခဲ့ပြီး လျှပ်စစ်ဓာတ်အားများပြတ်တောက်ကာ မြေပြိုခြင်းနှင့် ရေကြီးရေလျှံခြင်း သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ သဘာဝဘေးသင့်သူများအား ကူညီရေးအတွက် ဆောင်ရွက်ရန် တပ်မတော်သားများအား ကာကွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့သည်။

တရုတ်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း ရာဂါဆာ တိုက်ခတ်လာသည့်အတွက် စက်တင်ဘာ ၂၂ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး သတိပေးချက်ကို အဆင့်(၂)သို့ မြှင့်တင်ခဲ့သည်။ ဒေသအတွင်းရှိ ဇူဟိုင်နှင့် ဂျန်မန်မြို့တို့ရှိ ပညာသင်ကြားရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအပါအဝင် လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ကြောင်း ဒေသန္တရ ရေကြီးရေလျှံမှု ကာကွယ်ရေးဌာနက ပြောကြားသည်။

ဂျန်မန်မြို့ရှိ ချောင်ရှန်ကျွန်းသို့ ခရီးသည်တင် ကူးတို့ ပြေးဆွဲခြင်းများကို စက်တင်ဘာ ၂၃ ရက်မှ စတင်ကာ ရပ်နားထားမည်ဖြစ်သည်။

တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကွမ်တုံပြည်နယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် မိုးသည်းထန်နိုင်ကြောင်း သိရသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရထားပြေးဆွဲရေး လုပ်ငန်းများ ထိခိုက်မှုမရှိစေရေးအတွက် ကွမ်တုံပြည်နယ်ရှိ မြန်နှုန်းမြင့်ရထားနှင့် သာမန်ရထား ပြေးဆွဲခြင်းလုပ်ငန်းများကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ ရပ်ဆိုင်းခဲ့သည်။ အိမ်နီးချင်း ဖူကျန်းပြည်နယ်တွင်လည်း တိုင်ဖွန်းမုန်တိုင်း သတိပေးချက်ကို အဆင့် (၃) သို့ မြှင့်တင်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# လာအိုနိုင်ငံရှိ ကလေးများ ကာကွယ်ဆေးထိုးနှံခွင့်ရရှိရေး ဆောင်ရွက်

**ဗီယင်ကျန်း စက်တင်ဘာ ၂၂**

လာအိုနိုင်ငံရှိ ကလေးများ ကာကွယ်ဆေးထိုးနှံခွင့် တန်းတူရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

ယခုဆောင်ရွက်ချက်သည် ကလေးများတွင် ကာကွယ်ကုသနိုင်သည့်ရောဂါများ မဖြစ်စေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံရှိ ကျေးလက်ဒေသများတွင်နေထိုင်သည့် အသက်နှစ်နှစ်မှ ၁၂ နှစ်ရှိ ကလေးများ၏ ၁၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးထိုးနှံခြင်း မဆောင်ရွက်ရသေးသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဌာနများနှင့် ဝေးသည့်ဒေသများတွင်နေထိုင်သည့် ကလေးများအတွက် လာရောက်ထိုးနှံရန် အခက်အခဲရှိခြင်း၊ ဆေးလုံလောက်မှုမရှိခြင်း၊ အသိပညာပေးလုပ်ငန်းများ အားနည်းခြင်း စသည့်အခက်အခဲများရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန မှတ်တမ်းအရ သိရသည်။ သို့ရာတွင် အရည်အသွေးရှိသည့် ကျန်းမာရေးဝန်ထမ်းများ မွေးထုတ်ခြင်းနှင့် ရပ်ရွာများမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယင်းမှတ်တမ်းအရ သိရသည်။

ကာကွယ်ဆေးများ အလုံအလောက်ပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအား ကျေးလက်ဒေသများအထိစေလွှတ်ကာ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အမျိုးသားရည်မှန်းချက်ဖြစ်သည့် ကာကွယ်ဆေးထိုးလုပ်ငန်း ရည်မှန်းချက် အောင်မြင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အီရန်နှင့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနိုင်ငံတို့အကြား နျူကလီးယားအရေး ဆွေးနွေးမည်

**တီဟီရန် စက်တင်ဘာ ၂၂**

အီရန်နှင့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနိုင်ငံတို့အကြား နျူကလီးယားအရေးနှင့်ပတ်သက်၍ လာမည့်သီတင်းပတ်တွင် နယူးယောက်၌ ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်တက်စနင် သတင်းအေဂျင်စီက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ယခုကျင်းပမည့် နိုင်ငံခြားရေးဝန်ကြီးများအဆင့် ဆွေးနွေးပွဲသို့ ဥရောပသမဂ္ဂ ပြည်ပရေးရာမူဝါဒအကြီးအကဲ ကာဂျာကာလက် တက်ရောက်မည်ဖြစ်သည်။ အီရန်နိုင်ငံခြားရေး ဝန်ကြီးဆာယိအဗ္ဗတ်အေရာချီသည် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် စက်တင်ဘာ ၂၁ ရက်က နယူးယောက်သို့ ထွက်ခွာခဲ့သည်။ ယင်းညီလာခံပြင်ပတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေးမည်ဖြစ်သည်။ အီရန်အား ပိတ်ဆို့မှုများမှ ကင်းလွတ်ခွင့်ပြုသည့် အချိန်ကာလကို တိုးမြှင့်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ခြင်းမရှိခြင်းကြောင့် ယခုကဲ့သို့ အီရန်နှင့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့အကြား ဆွေးနွေးပွဲများ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်က အီရန်နှင့် ကမ္ဘာ့နိုင်ငံများအကြား နျူကလီးယားအရေးအတွက် သဘောတူညီချက် ရရှိခဲ့သည်။

**ရပ်ဆိုင်းမည်ဟုကြေညာ**

အီရန်အနေဖြင့် နျူကလီးယားအရေး သဘောတူညီချက်များကို ချိုးဖောက်ပါက ကုလသမဂ္ဂအနေဖြင့် အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရေးအတွက် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့က ပြီးခဲ့သည့်လအတွင်းက တောင်းဆိုခဲ့သည်။ အီရန်အား အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်ရှိအချိန်တွင် ဆောင်ရွက်နေသည့်အတွက် အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအကြား ပူးပေါင်းဆောင်ရွက်ခြင်းကို ရပ်ဆိုင်းမည်ဟု အီရန်အမျိုးသားလုံခြုံရေးကောင်စီက ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တူကီယဲနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား



**အစ္စတန်ဘူလ် စက်တင်ဘာ ၂၂**

တူကီယဲနိုင်ငံ မြောက်ပိုင်း ပင်လယ်နက်ဒေသတွင် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုအတွင်း ဒေသခံ ၁၇ ဦးကို တပ်မတော် ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ခဲ့ကြောင်း သိရသည်။

ဒေသအတွင်း ရေကြီးရေလျှံခြင်းကြောင့် စက်တင်ဘာ ၂၀ ရက်မှ စတင်၍ မြေပြိုခြင်းများ ဖြစ်ပွားကာ ရီဇီ၊ ဂေယီဆန်၊ အက်ဗန်နှင့် ထရာဇွန်ဒေသတို့ရှိ လမ်းတံတားများ ပျက်စီးခဲ့ပြီး ဒေသခံများ ပိတ်မိခဲ့သောကြောင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မြေပြင်တပ်ဖွဲ့နှင့် လေတပ်မှ ရဟတ်ယာဉ်များကို ရီဇီဒေသသို့စေလွှတ်ခဲ့ပြီး ဒေသခံ ၁၇ ဦးကို ကယ်ဆယ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ရီဇီဒေသမြစ်ကမ်းရှိ အပန်းဖြေနေရာများမှာ ရေကြီးရေလျှံမှုများအတွင်း မျောပါခဲ့သည်။ ရီဇီဒေသအား ပြန်လည်တည်ထောင်ရေးအတွက် ရန်ပုံငွေအဖြစ် လိုင်ယာ ငွေ ၁၄ သန်းကို ပေးခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဝန်ကြီး အဗ္ဗဒူကာ ဒါအူယာလူဂူက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျူးလွန်သူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များပျက်ပြားစေရန် လှုံ့ဆော်ခြင်း ပြုလုပ်သူ လှိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက်နေ ပိုင်ပိုင်စိုး (ခ) မျိုးမင်းခန့်(ခ) ပိုင်စိုး (၁၈)နှစ်၊ ဟန်ထွန်းအောင်(ခ) ရဲမင်းကိုကို (ခ)ဟန်ကြီး (၁၈)နှစ်၊ အောင်နိုင်လင်း (၁၇)နှစ်၊ ဖြိုးပိုင်ဇေအောင် (၁၆)နှစ်နှင့် ထွန်းနေဦးလှိုင် (၁၄)နှစ်တို့အား စက်တင်ဘာ ၁၄ ရက်တွင် လှိုင်ကော်မြို့မရဲစခန်း(ပ)၂၁၈/၂၀၂၅ ဖြင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ်၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် ဆန္ဒပြ၊ လှုံ့ဆော်ခြင်းပြုလုပ်ခဲ့သူ ရွှေပြည်သာမြို့နယ် အမှတ် (၅) ရပ်ကွက်နေသူများဖြစ်ကြသည့် ရဲသူရအောင် (၃၆)နှစ်၊ ကျော်ဝဏ္ဏ (၂၅)နှစ်၊ ချစ်ဝင်း (၄၅)နှစ်နှင့် ပြေထွန်း (၃၄)နှစ်တို့အား စက်တင်ဘာ ၁၆ ရက်တွင် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၃၄၇/၂၀၂၅ ဖြင့်လည်းကောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃ (က)ဖြင့် အသီးသီးအမှုဖွင့် ဖမ်းဆီးအရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး အပါအဝင် ဆက်စပ်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၂၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၉၃၂၀၀၀၀ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်သုည ဒသမ ၃၂၆ တန်၊ သစ်မာ ၂ ဒသမ ၆၃၉ တန်၊ အခြားသစ် ၅ ဒသမ ၄၃၅ တန် စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၈၀၉၃၃၉ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၃၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၂၀) ကိုသိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၉၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၉၇၈၆၆၀၇၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL–15 ရေယာဉ်တစ်စင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၇၈၆၆၀၇၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများအနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၇၃၈၀၃၂၇၃၇)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မယ်ဆိုင်ချောင်းရေစိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့နံနက် ၁၀ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၉-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မိသားစုဆန္ဒမဲ(V 1)ဦးမင်းနောင်နှင့်အဖွဲ့ (သရုပ်ဆောင်-စောမင်းနောင်နှင့်အဖွဲ့)
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ဆန္ဒမဲပေးကြပါ(အောင်ကိုလတ်)
- ၁၀:၃၅ ရာမညမြေမှယက္ခဒီပ(ဘီးလူးကျွန်း)သီးသန့်ရပ်ဝန်းလေးသို့
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဟန်ဆောင်အပြုံးနဲ့အမုန်း" (အပိုင်း-၉)
- ၁၃:၃၀ MRTV National News
- ၁၄:၅၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၃၅ ရွေးကောက်ပွဲများအတွက် အီလက်ထရောနစ်မဲပေးစက် (MEVM)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "တော်ဝင်စားပွဲ" (အပိုင်း-၅၁)
- ၁၉:၅၀ ပိုပြီးလှပပါစေ(နန်းစန္ဒီ)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဟယာဖြိုဖြ" (အပိုင်း-၁)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
- 07:08 Smiling Buddha
- 07:33 The Southernmost City (Kawthaung)
- 07:45 Making a Living as Horticulturist
- 08:01 News
- 08:26 Topics Potpourri; Cuban Cigarillo Factory Struggles to Meet Surging Global Demand
- 08:31 Listening Pleasure, Instrumental Music (Horn Violin) Myaing Gyi Hay Mar
- 08:44 The Man and The Elephant (Part-I)
- 09:01 Introductory Programme of Literary Award Winners: Maung Nai (Dathanika)
- 09:25 Myanmar Puppeteers (Tha Nge Taw Dance)
- 09:33 Secret Recipes by Gourmet Chefs (Thai)
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ကရင်)
- ၀၆:၅၀ မြန်မာသံစဉ်တေးသီချင်းများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ "အတ္တဝေဇ" (အပိုင်း-၁၃)
- ၀၇:၄၅ စတီရီယိုတေးသီချင်းများ
- ၀၈:၁၀ K Pop Music Gallery(35)
- ၀၈:၃၀ ဟိုတုန်းက...ရေဒီယိုဇာတ်လမ်းများ "ကျောင်းမောင်နိုင် တစ်ကွက်ကျော် အစားခံရခြင်း"
- ၀၉:၁၅ ကာတွန်းအစီအစဉ် "ပါးကွက်ကြွက်စွန့်စားခန်း" (အပိုင်း-၂)
- ၀၉:၃၀ စတီရီယိုတေးများ
- ၀၉:၅၀ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) "နှင်းဆီနီပါးပြင်"

### MRTV NRC

- **ဝကကကရင် (၀၆:၀၀ မှ ၀၇:၀၀)** ပျောက်ကွယ်လုနီးပါး ဂေးဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** သာယာလှပသဲဖြူကျွန်းအလှ
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ရေကညွတ်ဟင်း
- **ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** သင်မယ်၊ ရေးမယ်တို့ ချင်းစာ(အပိုင်း-၄၃)
- **ချင်း (ဒိုး) (၁၀:၀၀ မှ ၁၁:၀၀)** စံထားထိုက်သည့်သူမ
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** အပန်းဖြေကြမယ်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ဆွေညီနောင်များ ဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၈)
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ထိန်းသိမ်းအစဉ်အလာတို့စလေ့ရှိရာ (တိုင်းမောင်၊ တိုင်းနေ၊ တိုင်းလျှန်)
- **ဝ (၁၇:၀၀ မှ ၁၉:၀၀)** နမ့်လျှန်ချောင်း(ဟိုပန်မြို့)
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** အိပ်မက်လမ်းသို့ခရီးရှည်(ဇံယော၊ အဘွမ်ထန်၊ ဇာလင်း၊ ဆရမ်ဟာမှာ ခေါင်လန်ဖူးသို့)
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** အလှမှာယဉ်ဆေးဖက်ဝင်သည့်တရုတ်စကားပွင့်လေးများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "အစ္စရေးနိုင်ငံ"
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အရိပ်တကြည့်ကြည့်"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "ဆွစ်ဇာလန်နိုင်ငံ"
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "ကိုရီးယားနိုင်ငံ" (အပိုင်း-၂)
- ၁၁:၀၀ "ရွှေသို့ချိုမည်....ဝန်းတိုင်ဆီ" (အပိုင်း-၂)

### MRTV FARMERS HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Most Satisfying Agriculture Machines and Ingenious Tools
- ၁၈:၄၅ Livestock on the Land - Full-Length Film-2
- ၂၀:၀၀ ငှဲ့ပင်းသမီးနှင့်တောသားကိုကို (ဇာတ်လမ်း)
- ၂၂:၀၀ Arthur.Christmas.2011 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၁၅ The Sports Editor's Top Picks of this Week
- ၁၇:၀၀ အားကစားသတင်း
- ၁၉:၀၀ AYA Bank Women's Futsal League 2025 (Replay) (Mingalardon Vs Winner)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)တွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအနေဖြင့် မူးယစ်ဆေးစွဲကုသပြီး ပြန်လည်ထူထောင်မှုခံယူလျက်ရှိသည့် သင်တန်းသား ၂၀ ကို အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို စက်တင်ဘာ ၂၂ ရက်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုးပြုလုပ်နည်း၊ ခေါင်းလျှော်ရည် ပြုလုပ်နည်းနှင့် ဆပ်ပြာခဲအမျိုးမျိုး ပြုလုပ်နည်းကို သင်တန်းသား ၂၀ အား ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)





# လှိုင်ကော်မြို့၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

လှိုင်ကော် စက်တင်ဘာ ၂၂

ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်းကပြည်နယ်အစိုးရရန်ပုံငွေဖြင့် အမျိုးသမီးများ ဝင်ငွေတိုးတက်ရေးအတွက် အဓိကဦးစားပေး အသက်မွေးသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး လုပ်ငန်းတည်ထောင်နိုင်ရေးအတွက်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)မှ ကျွမ်းကျင်နည်းပြများက ပုံစံ ၁၄ မျိုးဖြင့် သင်တန်းသား သင်တန်းသူ ၁၅ ဦးအား သင်တန်းကာလ ၄၅ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြော

ပြင်ဦးလွင် စက်တင်ဘာ ၂၂

လူငယ်ကဏ္ဍ မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

## ပြောကြား

အဆိုပါဟောပြောပွဲတွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးယုလိက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် မြန်မာစာပေယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့်အနာဂတ်နိုင်ငံတော်"ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ပြင်ဦးလွင်ခရိုင် မြန်မာစာပေယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက မြန်မာစာပေယဉ်ကျေးမှုအသင်းအကြောင်း မိတ်ဆက်ပြောကြားခဲ့သည်။

ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသား ကျောင်းသူများအား မေးမြန်းရာ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်က စာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

သွေးသွေး(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများနှင့်ကျောင်းများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက်၉ နာရီက အဆိုပါ မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ သဃ်မ်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ



ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားကာ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်စုစုခင်က ဆုချီးမြှင့်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ရန်ကင်းမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀၊ အောင်ချက် အကောင်းဆုံးရရှိခဲ့သည့် အထက(၂)နှင့် ဂုဏ်ထူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# သထုံမြို့နယ် နောင်ကုလားအလယ်ရွာ မူလတန်းလွန်ကျောင်း၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ



သထုံ စက်တင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစား ထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် နောင်ကုလားကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် နောင်ကုလားအလယ်ရွာ မူလတန်းလွန်ကျောင်း မိဘဆရာအသင်း အတွင်းရေးမှူး ဦးအေးချိုထွန်းတို့က အမှာစကားပြောကြားသည်။

ယင်းနောက် နောင်ကုလားအလယ်ရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သဇ္ဇာလှိုင်နှင့် တာဝန်ရှိသူတို့က နောင်ကုလားအလယ်ရွာ မူလတန်းလွန်ကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် KG မှ Grade-8 အထိ ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသားအားကစားပွဲတွင် အောင်ပွဲရ ဘောလုံးအားကစားကျောင်းသားများ၊ အားကစားထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



# (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား၊ အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား၊ အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နဝဒေးအားကစားရုံ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အဖွင့်ပွဲစဉ်များဖြစ်သည့် အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ စွမ်းရည်ပြပြိုင်ပွဲစသည့် အမျိုးအစား ငါးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် အောက်တိုဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား)၊ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

**လက်ခံရယူ**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားပြင်ပ တောင်သူများအား တောင်သူနည်းပညာပေး အခမ်းအနားကျင်းပ

**တွံတေး စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲနှင့် တောင်သူနည်းပညာပေးအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သဝန်းတောကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများနှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖြန့်ဖြူးသော ဓာတ်မြေသြဇာများကို တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။



**မျိုးလှိုင် (တွံတေး)**

☆ **ကျောဖုံးမှ**

Junior Lions အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေ၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ဒဂုံစတားယူနိုက်တက်အသင်း သရေကျပြီး အား/ကာသိပ္ပံအသင်း အနိုင်ရသဖြင့် ချန်ပီယံဆုအတွက် ယင်းနှစ်သင်း၏ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာဖွယ်ရှိနေသည်။

ပွဲစဉ် (၂၁) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၄၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၄၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်၊ Falcon အသင်းက ၃၄ မှတ်၊ Junior Lions နှင့် သစ္စာအားမာန်အသင်းက ၃၃ မှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက ၂၉ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၄ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ်၊ Dagon Port အသင်းက ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ မဟာယူနိုက်တက်အသင်းက ရှစ်မှတ်ရရှိထားသည်။

**သတင်း–ချစ်ကိုကို၊ ဓာတ်ပုံ–MNL**

❖ **ဘာစီလိုနာအသင်းမှ**

လက်ရှိစပိန်လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါ ပွဲစဉ် ၅ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ဗယ်လက်ကာနိုအသင်းကို သရေတစ်မှတ်သာကစားနိုင်ခဲ့တာကြောင့် လေးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၂) နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ဂီတာဖေးအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၅ ယှဉ်ပြိုင်ကစားပြီးချိန်မှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၈) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ဗလင်စီယာအသင်းက ဘီဘာအိုအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ အဲလ်ချီအသင်းက ရီးယဲလ်အိုဗီဒိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗယ်လက်ကာနိုအသင်းနဲ့ ဆယ်လ်တာဗီဂိုအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ မာယော့ကာအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၈၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၁၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

## ကျွန်တော်အကြိုက်ဆုံးအားကစား ဖူဆယ်

ကမ္ဘာပေါ်မှာ ကျွန်တော်အကြိုက်ဆုံးအားကစားကတော့ ဖူဆယ် (Futsal)ပါ။ ဘောလုံးကန်တာနဲ့တူပေမယ့် ကွင်းငယ်လေးမှာ ကစားရတာဖြစ်ပြီး အတော်ကိုစိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ အဆောက်အအုံထဲ မိုးလုံလေလုံနေရာ (မိုးလုံလေလုံအားကစားရုံ) တွေမှာ ဖူဆယ်ကစားလို့ရတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ကျွန်တော်စကစားခဲ့တာ အခုတော့ ကစားရတဲ့အကြိမ်တိုင်း ပိုပိုပြီး တော့တောင် ကြိုက်လာပါပြီခင်ဗျာ။

ကျွန်တော် ဖူဆယ်ကို အတော်ကြိုက်ရတဲ့ အကြောင်းရင်းတစ်ခုကတော့ ကစားရတာ အလွန်မြန်ဆန်လို့ပါပဲ။ ကွင်းကသေးတော့ ဘောလုံးကလည်း အမြဲလှုပ်ရှားနေပြီး အသင်းထဲကလူတိုင်း ဘောလုံးကို အများကြီးထိတွေ့ခွင့်ရပါတယ်။ တစ်သင်းကို ဂိုးသမားအပါအဝင် ကစားသမားငါးယောက်ပဲပါတော့ သာမန်ဘောလုံးကစားတာထက် ပိုပြီးတော့ပြေးရ၊ ပေးပို့ရ၊ ဂိုးသွင်းရပါတယ်။ ဒါက ကျွန်တော့်ကို ကိုယ်ကာယပိုမိုလှုပ်ရှားစေပြီး ပွဲတိုင်းကို စွန့်စားခန်းတစ်ခုလို ခံစားရစေပါတယ်ခင်ဗျာ။

ဖူဆယ်ရဲ့ နောက်ထပ်ကောင်းတဲ့ အချက်တစ်ခုကတော့ သင်ယူနိုင်တဲ့ အံ့မခန်းစွမ်းရည်တွေပါပဲ။ ဘောလုံးကသေးပြီး ပိုလေးတော့ ထိန်းရပိုလွယ်ပါတယ်။ ဘောလုံးကိုခြေထောက်နဲ့ထောက်ပြီး ပတ်လှည့်တာ၊ လျင်မြန်တဲ့အလှည့်တွေနဲ့ ဉာဏ်ပါပါ ဘောလုံးပေးပို့တာတွေကိုလည်း ကျွန်တော်သင်ယူခဲ့ပါတယ်။ တစ်ယောက်ယောက်ကို ဘောလုံးလွတ်အောင် လိမ်ခေါက်နိုင်တာ၊ ဒါမှမဟုတ် အသင်းဖော်တစ်ယောက်ကို ဂိုးသွင်းဖို့ အကောင်းဆုံးဘောလုံးပို့ပေးနိုင်တာမျိုးတွေ လုပ်နိုင်တဲ့အခါ အလွန်ကိုကျေနပ်စရာကောင်းပါတယ်။ ဒါက ကျွန်တော့်ကို ပရော်ဖက်ရှင်နယ်ကစားသမားတစ်ယောက်လို ခံစားရစေပါတယ်ခင်ဗျာ။

ဖူဆယ်ရဲ့ အကောင်းဆုံးအပိုင်းကတော့ သူငယ်ချင်းတွေနဲ့ အတူတူ ကစားရတာပါပဲ။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် အားပေးကြတယ်။ ဂိုးသွင်းနိုင်ရင်လည်း အတူတူပျော်ကြတယ်။ အမှားလုပ်မိတဲ့အခါမှာလည်း တစ်ယောက်ကိုတစ်ယောက် ကူညီဆယ်မပေးကြပါတယ်။ အသင်းတစ်သင်းရဲ့ အဖွဲ့ဝင်ဖြစ်ရတာက အတူတူလက်တွဲလုပ်ဆောင်ဖို့နဲ့ သင်ယူရတာပါ။ ကျွန်တော်တို့တွေ အများကြီးရယ်မောကြရပြီး ဒီအားကစားက ကျန်းမာရေးအတွက်လည်း ကောင်းသလို ပျော်စရာလည်း ကောင်းတဲ့နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျာ။

ဖူဆယ်ကွင်းဟာ ကျွန်တော့်အတွက် ဂိမ်းတစ်ခုထက်ပိုပါတယ်။ ဒါက ကျွန်တော် ကိုယ်လက်လှုပ်ရှားနိုင်တဲ့၊ အသစ်တွေသင်ယူနိုင်တဲ့၊ သူငယ်ချင်းတွေနဲ့အတူတူ အမှတ်တရတွေဖန်တီးနိုင်တဲ့ နေရာတစ်ခုပါပဲ။ ဒါကြောင့်မို့ ဖူဆယ်ဟာ ကျွန်တော့်အတွက် အမြဲတမ်း နံပါတ်(၁) အားကစားတစ်ခုဖြစ်နေမှာပါခင်ဗျာ။

## Let's Write in English daily, young ones.

## လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

- စာစကား -- My favorite sport in the whole world is futsal. It's like soccer, but played indoors on a smaller court, and it's super exciting.
- ပြောစကား -- I love futsal the most! It's like soccer, but we play it inside on a small field. It's very fun.
- စာစကား -- One reason I love futsal so much is that it's very fast–paced.
- ပြောစကား – I love futsal because it's very fast.
- စာစကား -- Because the court is smaller, the ball is always moving, and everyone on the team gets to touch the ball a lot.
- ပြောစကား -- The field is small, so the ball moves fast. Everyone on the team gets to touch the ball a lot.
- စာစကား -- Another great thing about futsal is the cool skills you can learn.
- ပြောစကား -- Futsal also helps you learn cool skills.
- စာစကား -- The ball is smaller and heavier, which makes it easier to control.
- ပြောစကား -- The ball is small and heavy, so it's easy to control.
- စာစကား -- But the best part about futsal is playing with my friends.
- ပြောစကား -- The best part is playing with my friends.
- စာစကား: We all encourage each other, celebrate goals together, and even help each other when we make mistakes.
- ပြောစကား -- We cheer for each other, celebrate goals, and help our friends when they make a mistake.
- စာစကား -- Futsal is more than just a game to me; it's a place where I can be active, learn new things, and make memories with my friends.
- ပြောစကား -- Futsal is more than a game for me. I get to play, learn new things, and have fun with my friends.

**cool skills = ဘောလုံးထိန်းသိမ်းနိုင်မှု၊ လိမ်ခေါက်နိုင်မှုကျွမ်းကျင်မှု**

**လူငယ်တွေ အားကစားထူးချွန်ကြပါစေခင်ဗျာ။**

## စကားသုံးလွဲမှု အများများ

**လှသမိန်**

**မြန်မာစာရေးရာတွင် သုံးစွဲသင့်သောစကားလုံးကို မသုံးမိဘဲ အလွဲအမှားစကားလုံးများကို သုံးထားမိသောအမှားမျိုးလည်းရှိလေသည်။ စကားသုံးလွဲချွတ်လျှင်လည်း အဓိပ္ပာယ်တစ်မျိုးတစ်မည်ရောက်၍ အဆီအငေါ်မတည့် ဖြစ်တတ်လေသည်။ တိကျလျော်ကန်သောစကားလုံးကို မှန်ကန်စွာ စေစားအသုံးချတတ်ခြင်းသည် စာရေးခြင်း၏ အခြေခံအရည်အချင်းတစ်ရပ်ပင်ဖြစ်လေသည်။ အောက်တွင် စကားလုံးအသုံးလွဲမှုများကို ပမာတင်ပြထားပေသည်။**

က

**အမှား။** သူတို့သည် အချင်းချင်း **စဉ်းစား**ကြကုန်သည်။

**အမှန်။** သူတို့သည် အချင်းချင်း **တိုင်ပင်**ကြကုန်သည်။

**အကြောင်းပြ။** (အချင်းချင်း)ဟူသောစကားအရ ကံပုဒ်ကို ညွှန်းသော ကာရိုက်ကြိယာသာ ရှိအပ်လေသည်။ အကယ်၍ (အသီးသီး)ဟူ၍ရှိမူ၊ ကတ္တားပုဒ်ကိုညွှန်းသော သုဒ္ဓကြိယာ၊ စဉ်းစားကိုပင် သုံးနိုင်လေသည်။

သူတို့**အသီးသီး** စဉ်းစားကြကုန်သည်။

ခ

**အမှား။** အစည်းအဝေးသည် တစ်နေ့ **ရှည်**သွား၏။

**အမှန်။** အစည်းအဝေးသည် တစ်နေ့ **ကြာ**သွား၏။

**အကြောင်းပြ။** အစည်းအဝေးကျင်းပချိန်သည် နံနက်မှ ညနေတိုင်သဖြင့် တစ်နေ့ ကြာမြင့်ရသည်ကို ဆိုလို၏။ (ရှည်)ကို သုံးခြင်းကြောင့် မူလနှစ်ရက်နှင့်ပြီးရမည့် အစည်းအဝေးမှာ သုံးရက်ကြာမှပြီးသကဲ့သို့ တစ်ရက်တိုး၍ ကာလရှည်ပုံကို ထင်မြင်စေလေသည်။

ဂ

**အမှား။** သူတစ်ပါး၏ **အရိပ်သံဝါသ**ကို ခိုရလျှင် ကျေးဇူးတင်သင့်သည်။

**အမှန်။** သူတစ်ပါး၏ **အရိပ်အာဝါသ**ကို ခိုရလျှင် ကျေးဇူးတင်သင့်သည်။

**အကြောင်းပြ။** သံဝါသမှာ ကိုယ်လက်နှီးနှောခြင်း အဓိပ္ပာယ်ရှိ၍ အရိပ်ကိုဆိုသောစကားလုံးမှာ အာဝါသသာဖြစ်သည်။

ဃ

**အမှား။** မိန်းကလေးသည် ဖခင်ဆုံး၍ **ပဋိဝေဓ** မီးတောက်နေသည်။

**အမှန်။** မိန်းကလေးသည် ဖခင်ဆုံး၍ **ပရိဒေဝ** မီးတောက်နေသည်။

**အကြောင်းပြ။** ပဋိဝေဓမှာ သာသနာသုံးရပ်နှင့်သာ သက်ဆိုင်၍ အပူမီးတောက်ခြင်းကို ပရိဒေဝဟူ၍သာ သုံးရသည်။

င

**အမှား။** သူတစ်ပါးအပေါ်၌ **ဗျာပါရ** စိတ်မထားသင့်ချေ။

**အမှန်။** သူတစ်ပါးအပေါ်၌ **ဗျာပါဒ** စိတ်မထားသင့်ချေ။

**အကြောင်းပြ။** (ဗျာပါရ)မှာ အားထုတ်ခြင်း၊ ပူပန်စိုးရိမ်ခြင်းဖြစ်၍ (ဗျာပါဒ)မှာ သူတစ်ပါး၏ ပျက်စီးကြောင်း ကြံခြင်းဖြစ်၍ စကားလုံးချင်းကွဲလွဲလေသည်။

စ

**အမှား။** သူသည် ကြေမွနေသောစာရွက်ကို **ဆန့်**အောင်ဖြန့်သည်။

**အမှန်။** သူသည် ကြေမွနေသောစာရွက်ကို **စန့်**အောင်ဖြန့်သည်။

**အကြောင်းပြ။** (ဆန့်)သည် ပြုလုပ်မှုပြကာရိုက်ကြိယာဖြစ်သည်။ အချို့သောသူများသည် (စ)နှင့် (ဆ)။ (ရှ) နှင့် (ချ)။ (တ) နှင့် (သ)တို့ကို ပြောသံမကွဲဘဲ ရှိတတ်သကဲ့သို့ ရေးရာတွင်လည်း ရောမှားရေးလေ့ရှိကြသည်။ သတိပြု၍ ခွဲခြားရေးသားသင့်သည်။

ဆ

**အမှား။** နွား၏အရိုးသည်လည်း **အသုံးချ**နိုင်၏။

**အမှန်။** နွား၏ အရိုးသည်လည်း **အသုံးကျ**၏။

**အကြောင်းပြ။** (သည်)ဟူသော ကတ္တားပုဒ်ရှိနေ၍ ကြိယာသည် (အသုံးကျ)သာ ဖြစ်သင့်၏။ (အသုံးချ)ကို သုံးလိုပါမူ(သည်)အစား (ကို)ဟု ပြောင်းလဲရပေမည်။

ဇ

**အမှား။** ဤအချက်ကို **ခြားနား**သိရှိရန်လိုသည်။

**အမှန်။** ဤအချက်ကို **ပိုင်းခြား**သိရှိရန်လိုသည်။

**အကြောင်းပြ။** (ခြားနား)သည် ကာရိုက်ကြိယာမဟုတ်သဖြင့် (ကို)ပုဒ်ဖြင့်ပြသော ကံပုဒ်နှင့်စပ်၍ မသုံးနိုင်ချေ။ (ပိုင်းခြား)ကိုသာ သုံးသင့်လေသည်။ အကယ်၍ (ခြားနား)ကို သုံးမည်ဆိုက (စွာ) ကိုဖြည့်၍၊

ဤအချက်ကို **ခြားနားစွာ** သိရှိရန်လိုသည်ဟု သုံးသင့်သည်။

ဈ

**အမှား။** မိန်းကလေးသည် ပဲကြီးရေစိမ်ကို **ခွာ**လျက်ရှိသည်။

**အမှန်။** မိန်းကလေးသည် ပဲကြီးရေစိမ်ကို **ထွတ်**လျက်ရှိသည်။

**အကြောင်းပြ။** လွတ်ကင်းစွာ တွန်းထုတ်၍ အခွံဖယ်ရှားရာ၌ (ထွတ်သည်)ဟုသာ သုံးရိုးရှိသည်။ အစေ့များကို ခွာထုတ်ရာ၌ (ထွတ်)ကိုပင် သုံးသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

# လူငယ်နှင့်ဂန္ထဝင်စာပေ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ကျွန်တော်တို့ ငယ်စဉ်ကျောင်းသားဘဝတွင် ဆရာ ဆရာမများ၊ မိဘများနှင့် မိတ်ဆွေများ၏ တိုက်တွန်းစေ့ဆော်မှုဖြင့် စာဖတ်ဝါသနာ စတင်ရှင်သန်ခဲ့သည်။ ဤတွင် ဘယ်စာတွေစဖတ်ရမလဲဟု မေးသောအခါ ဖတ်ချင်တဲ့စာကိုဖတ်ပါ။ စာဖတ်ခြင်းကို နှစ်သက်လာအောင် မိမိစိတ်ဝင်စားသည်များကို စဖတ်ရန်လမ်းညွှန်ခဲ့ကြသည်။ ငယ်စဉ်ကာလတွင် ကာတွန်း၊ ရုပ်ပြများ၊ ပုံပြင်များဖတ်ခြင်း ငြီးငွေ့လာသောအခါ ဆယ်ကျော်သက်အရွယ်တွင် ဝတ္ထုတို၊ ဝတ္ထုရှည်လုံးချင်းဝတ္ထုများ ဖတ်ရှုခဲ့ရသည်။ စာဖတ်သက်ရင့်ကျက်လာသောအခါ သုတစာပေဆိုင်ရာ ဆောင်းပါး၊ စာအုပ်များကို ဖတ်ရှုခဲ့သည်။ ထို့ပြင် နိုင်ငံတကာစာပေကို လေ့လာကြည့်ချင်သောအခါ ဘာသာပြန်စာပေများ၊ အတ္ထုပ္ပတ္တိစာအုပ်ကောင်းများကို ရွေးချယ်ဖတ်မိလာသည်။ ဖတ်ရင်းဖတ်ရင်းနှင့် ဂန္ထဝင်စာပေများကို ဖတ်ရှုလေ့လာခဲ့မိသည်။ စာပေဗိမာန်က ၁၉၉၁ ခုနှစ်တွင် ဂန္ထဝင်စာတမ်းဖတ်ပွဲကိုကျင်းပခဲ့ရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စာတမ်းရှင်များမှာ ဆရာမောင်ဆုရှင်၊ ထီလာစစ်သူ၊ တင်ထွေး၊ မင်းကျော်၊ ကျော်အောင်၊ မောင်ခင်မင် (ဓနုဖြူ)တို့ဖြစ်သည်။ စာတမ်းအမည်များက ဂန္ထဝင်စာပေကို လေ့လာလိုသူများအတွက် ဗဟုသုတများစွာရရှိစေခဲ့သည်။ ယင်းစာတမ်းများကို ဖတ်ရှုခြင်းဖြင့် ဂန္ထဝင်စာပေ၏စံနှုန်းများကို သိရှိလာခဲ့သည်။ မြန်မာစာပေတွင်ရှိသော ဂန္ထဝင်စာပေများအပြင် နိုင်ငံတကာ ဂန္ထဝင်စာပေများကိုလည်း သိရှိလေ့လာခွင့်ရရှိခဲ့သည်။ ကျွန်တော့်ဘဝတစ်သက်တာတွင် ဂန္ထဝင်စာပေများသည် မေ့မရသောစာပေအမျိုးအစားတစ်ခုဟု မှတ်ယူခဲ့မိသည်။

ယနေ့လူငယ်များအနေဖြင့် ဂန္ထဝင်စာပေများကို လေ့လာဖတ်ရှုသင့်ပါသည်။ ဤတွင် မြန်မာစာပေတွင် ထင်ရှားသောဂန္ထဝင်စာပေများကို ဦးစွာဖတ်ရှုလေ့လာသင့်ပါသည်။ ဂန္ထဝင်စာပေ၏ အဓိပ္ပာယ်၊ သဘောသဘာဝနှင့် လက္ခဏာစံနှုန်းများကို သိရှိထားသင့်ပါသည်။ စင်စစ်ဂန္ထဝင်ဟူသော စကားလုံးသည် အလွန်ရှေးကျသော စကားလုံးဖြစ်သော်လည်း ပစ်ပယ်၍မရသော၊ အရေးပါသောစကားလုံးဖြစ်သည်။ အစဉ်ထာဝရလေးစားထိုက်သော သို့မဟုတ် အမြဲတစေချိန်ထိုးရန်အတွက် အကောင်းဆုံးသော စံအဖြစ် မှတ်ယူထားကြသည်။ မြန်မာစာပေတွင် ထင်ရှားသောဂန္ထဝင်စာအုပ်ကောင်းများရှိပါသည်။ ကျွန်တော် နဝမတန်းကျောင်းသားဘဝတွင် ဖတ်ရှုခဲ့ရသော ဆရာသိန်းဖေမြင့်၏ "အရှေ့က နေဝန်းထွက်သည့်ပမာ" ကို မြန်မာစာပေတွင် ဂန္ထဝင်စာအုပ်ဟု ဖော်ညွှန်းကြသည်။ ထို့ပြင် ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ၊ ဂျာနယ်ကျော်မမလေး၏ ရင်နင့်အောင်မွေး၊ ဆရာမကြီးဒေါ်ကြန် (မဟာဝိဇ္ဇာ)၏ မှန်နန်းရာဇဝင်တော်ကြီး စသည့် မြန်မာစာပေလောကတွင် ဂန္ထဝင်စာအုပ်များစွာရှိပါသည်။

မြန်မာစာပေတွင် ထင်ရှားသော ဂန္ထဝင်မြောက်သည့်စာပေများကို လေ့လာကြည့်ပါလျှင် အချိန်ကာလတစ်ခုနှင့်ယှဉ်၍ တည်တံ့ခိုင်ခံ့သောစာပေလက်ရာဖြစ်သည်ကို တွေ့ရသည်။ ရှေးကျသော အရေးအသားများကို တွေ့ရပြန်သည်။ ကျဉ်းမြောင်းသောနယ်နိမိတ်ဘောင်မရှိချေ။ အချိန်ကာလကြာမြင့်သွားသည့်တိုင် အလိုအလျောက်ဖတ်ရှုလက်ခံလေ့လာကြရသောစာပေမျိုးတွင် အကျုံးဝင်နေသည်။ ဥပမာ ဆရာဇဝန၏ကောလိပ်ကျောင်းသား၊ သခင်ဘသောင်း၏ ပန်းသာမစာအုပ်၊ မဟာဆွေ၏ တို့မေမေ စသည်တို့ဖြစ်သည်။

စင်စစ်ဂန္ထဝင်စာပေဟူသည် ခိုင်မာစံထားလောက်သော အရေးအသားလက်ရာဖြစ်သည်။ ဤတွင် စကားပြေ၊ လင်္ကာ နှစ်မျိုးလုံးအကျုံးဝင်သည်။ စာပေရသပေါ်လွင်သော အရေးအသားဖြစ်သကဲ့သို့ လူ့စရိုက်သဘာဝကို ပေါ်လွင်အောင်ဖွဲ့ဆိုတတ်သော လက်ရာဖြစ်သည်။ ဥပမာ ဆရာမြသန်းတင့်၏ "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" သည် လူကြီးလူငယ်မရွေး နှစ်သက်သော ဂန္ထဝင်ဝတ္ထုဟုဆိုနိုင်သည်။ မြန်မာစာပေ၌ ပေါ်ထွန်းခဲ့သည့် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အချိန်ခန့်အထိ ထွက်ပေါ်ခဲ့သော ရှေးဟောင်းစာပေများတွင် လူငယ်များအတွက် အကျိုးပြုသည့် စာပေလက်ရာများရှိသည်။ ဥပမာအားဖြင့် မြန်မာဝတ္ထုရှည်များဖြစ်သော လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသည့် "တပင်ရွှေထီးဝတ္ထုတော်ကြီး"တွင် သမိုင်းဆိုင်ရာ ဗဟုသုတများစွာကို လူငယ်များရရှိနိုင်သည်။

ဂန္ထဝင်စာပေများသည် လူငယ်များကို လူမှုရေးနှင့် အသိအလိမ္မာဉာဏ်ပညာကို စေ့ဆော်မှုများ စေသောသဘောရှိသည်။ အတွေ့အကြုံ၊ အတွေးအခေါ်တို့ဖြင့်ရင်းနှီးဆည်းပူး၍ ရေးသားထားသောစာပေမျိုးဖြစ်သည်။ ဂန္ထဝင်စာအုပ်ဟူသည်မှာ စံနမူနာပြ သို့မဟုတ် အထူးမှတ်သားဖွယ်ရာအဖြစ် လက်ခံထားသောစာအုပ်ဖြစ်သည်။ နိုင်ငံတကာတက္ကသိုလ်များဖြစ်သော St.John's ကောလိပ်နှင့် Rutgers တက္ကသိုလ်တို့တွင် "စာဖတ်ခြင်းစာရင်း" (Reading List) ကို ၎င်းတို့၏သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားရာ ကျောင်းသားများအနေဖြင့် ဂန္ထဝင်ကျမ်းများကို လေ့လာခွင့်ရရှိသည်။ ဤသို့ဖြင့် ကျောင်းသားများကို သမိုင်းတစ်လျှောက်တွင် အလေးစားရဆုံးစာရေးဆရာအချို့နှင့် အကျွမ်းတဝင်ရှိစေရန် တွန်းအားပေးသည်။

လူငယ်များ မှတ်သားသင့်သောအချက်မှာ ဂန္ထဝင်( Classic) ဆိုသည်မှာ အချိန်၏စမ်းသပ်မှုပင်ဖြစ်သည်။ ဂန္ထဝင်စာအုပ်သည် အစွန့်ရှည်စွာအသိအမှတ်ပြုခြင်းခံရသည်။ ဂန္ထဝင်စာပေလက်ရာများသည် လူတိုင်းအတွက် ဆွဲဆောင်မှုတစ်ခုရှိသည်။ ဂန္ထဝင်စာပေသည် နောက်ခံအမျိုးမျိုးနှင့် အတွေ့အကြုံမျိုးစုံများမှ စာဖတ်သူများနားလည်နိုင်သော အကြောင်းအရာများကို ပေါင်းစပ်ထားသည်။ ခေတ်သစ်ပြဇာတ်ရေးဆရာနှင့် စာရေးဆရာဖြစ်သူ Alan Bennett ဆိုသူက ဂန္ထဝင်စာအုပ်နှင့်ပတ်သက်၍ ဤသို့ဖော်ညွှန်းခဲ့သည်။ သူ၏အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "စာအုပ်တစ်အုပ်ကို လူတိုင်းဖတ်ဖူးသည်ဟု ယူဆရပြီး၎င်းတို့ကိုယ်တိုင်ဖတ်ဖူးသည်ဟု ထင်မြင်တတ်ကြသည်"ဟူ၍ဖြစ်သည်။ ၁၉ ရာစုမှ ပြောင်မြောက်သော အခင်းအကျင်းများပါရှိသည့် ဂန္ထဝင်ဝတ္ထုများတွင် Emily Bronte ၏ Wuthering Heights နှင့် Jane Austen ၏ Pride and Prejudice စာအုပ်တို့ပါဝင်သည်။ ယင်းစာအုပ်များကို မြန်မာစာရေးဆရာများက ဘာသာပြန်ဆိုခဲ့ကြရာ လူငယ်များအနေဖြင့် နိုင်ငံတကာဂန္ထဝင်ဝတ္ထုဘာသာပြန်များကို ရှာဖွေဖတ်ရှုသင့်သည်။

လူငယ်များအနေဖြင့် နိုင်ငံတကာဂန္ထဝင်ဝတ္ထုများ၏ အရသာနှင့် ရေးဖွဲ့တင်ပြပုံကို ရသအနေဖြင့် ခံစား၍ရနိုင်သည်။ ရိုးရှင်းစွာဆိုရသော် ဂန္ထဝင်ဝတ္ထု (Classic Novel) သည် အလွန်ကောင်းမွန်သဖြင့် အချိန်၏ စမ်းသပ်မှုခံနိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။ စာရေးဆရာများသည် အကြောင်းအရာကို ကျွမ်းကျင်စွာဖန်တီးထားကြပြီး ထက်မြက်စွာ ထုတ်ဖော်ရေးသားထားသဖြင့် ဖမ်းစားနိုင်သော ဇာတ်လမ်းတစ်ခုပါရှိကြောင်း တွေ့မြင်ရသည်။ ဂန္ထဝင်ဝတ္ထုစာအုပ်၏ ထူးခြားသောလက္ခဏာများမှာ အမှတ်ရစရာဇာတ်ကောင်ပါရှိသည်။ ဂန္ထဝင်ဝတ္ထုလက်ရာများသည် အမှတ်ရဖွယ်အဓိကဇာတ်ကောင်ကို ဖော်ကျူးလေ့ရှိကြသည်။ ဂန္ထဝင်ဝတ္ထုများသည် လူ့ဘဝအတွေ့အကြုံများကို စူးစမ်းလေ့လာဖော်ထုတ်ပြသသည်။ ဂန္ထဝင်စာအုပ်များစွာသည် လူသားတို့၏အခြေအနေနှင့်ပတ်သက်၍ လေးနက်ပြီး ထာဝရတည်မြဲသည်ဟုဆိုသောကြောင့် ဂန္ထဝင်ဖြစ်လာသည်။ ဥပမာ – ဟယ်ရီပေါ်တာ (Harry Potter) စီးရီးကို စာပေအသိုင်းအဝိုင်းတွင် ငြင်းခုံဆွေးနွေးမှုများရှိသော်လည်း လူအတော်များများက ဂန္ထဝင်အဖြစ် သတ်မှတ်ကြသည်။ ဟယ်ရီပေါ်တာစာအုပ်သည် လူကြိုက်များပြီး ယဉ်ကျေးမှုဆိုင်ရာ သက်ရောက်မှုများစွာကို ရရှိထားသည်။ လူငယ်ရော လူကြီးပါ နှစ်သက်ကြသည်။

လူငယ်များအနေဖြင့် နိုင်ငံတကာဂန္ထဝင်စာအုပ်များကိုဖတ်ရှုလျှင် ရသစာပေအမျိုးအစားများကို တွေ့ရှိနိုင်သည်။ ထို့ပြင် ဂန္ထဝင်စာပေ (Classic Literature) ကို ဖတ်ရှုနိုင်သည့်အပြင် ခေတ်သစ်ဂန္ထဝင် (Modern Classics) များကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ နိုင်ငံတကာဂန္ထဝင်စာအုပ်များတွင် ကောင်းစွာဖန်တီးထားသော ဇာတ်ကောင်များအပြင် ဆွဲဆောင်မှုရှိသော ဇာတ်ကွက်များကို တွေ့မြင်ခံစားနိုင်သည်။ ဂန္ထဝင်လက်ရာစာအုပ်များတွင် ထူးခြားသော ယဉ်ကျေးမှုဆိုင်ရာ သက်ရောက်မှုများကို လေ့လာတွေ့ရှိနိုင်သည်။ စင်စစ်ဂန္ထဝင်ဆိုသည်မှာ အမျိုးအစားတစ်ခု သို့မဟုတ် အရေးအသားပုံစံကို ကိုယ်စားပြုသည့်ဝတ္ထုတစ်ခု သို့မဟုတ် စာပေအတွက် အထောက်အကူဖြစ်စေသော ဝတ္ထုတစ်ခုဖြစ်နိုင်သည်။ ဂန္ထဝင်ဝတ္ထုများတွင် ထိတ်လန့်ဖွယ်ဂန္ထဝင်များမှသည် အချစ်ဂန္ထဝင်များအထိ အုပ်ရေများစွာရောင်းချရသောဝတ္ထုများ ပါဝင်သည်။ စာရေးသူသတိရနေသော ဂန္ထဝင်ဝတ္ထုစာအုပ်တစ်အုပ်မှာ အမေရိကန်စာရေးဆရာ အန်းနက်ဟဲမင်းဝေး ရေးသားခဲ့သော The Old Man And the Sea ဝတ္ထုဖြစ်သည်။ ဟဲမင်းဝေးသည် ၎င်းစာအုပ်ကို ၁၉၅၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ စိတ်ကူးယဉ်ဝတ္ထုဖြစ်သော်လည်း တံငါသည် ဆန်တီယာဂို (Santiago) ၏ ဇာတ်လမ်းဖြစ်သည်။ ရောမ မာလင်(Marlin) ငါးကြီးကိုဖမ်းရန် သူ၏ကာလကြာရှည်စွာ ရုန်းကန်ရပုံကို ဖော်ကျူးခဲ့သည်။ ယင်းဇာတ်လမ်း၏ အဓိကအကြောင်းအရာမှာ ဖွဲ့လုံ့လနှင့် ဂုဏ်သိက္ခာသည် ဘဝတိုက်ပွဲများတစ်လျှောက် မည်သို့ကူညီပေးနိုင်မည်ကို လှစ်ဟပြသည်။ ဆန်တီယာဂို၏ခရီးသည် ကျွန်တော်တို့ဘဝတစ်လျှောက်လုံး ဖြတ်သန်းနေရစဉ် ကျွန်တော်တို့အားလုံး ရင်ဆိုင်နေရသောရုန်းကန်မှုကို ကိုယ်စားပြုကြောင်း ခံစားမိသည်။ ယင်းစာအုပ်ကို ဆရာမောင်ဆုရှင်က "ပင်လယ်ပြာနှင့် တံငါအို"ဟု မြန်မာမှုပြုခဲ့သည်။ အခက်အခဲများ ကြုံရသောအခါ မိတ်ဆွေကောင်းများရှိခြင်းသည်လည်း ဘဝ၏ ပန်းတိုင်များဆီသွားရာလမ်းမှာ အထောက်အပံ့ကောင်းရရှိစေသည်ဟု သင်ခန်းစာယူနိုင်သည်။

ကျွန်တော်ယနေ့ထိ သတိရနေသောဂန္ထဝင်ဝတ္ထုတစ်ပုဒ်မှာ ဆရာကျော်လှိုင်ဦး(မင်းကျော်) ဘာသာပြန်ခဲ့သည့် Wuthering Heights အမည်ရှိ ဂန္ထဝင်ဝတ္ထုဖြစ်သည်။ ယင်းစာအုပ်ကို ရှေးယခင် ပညာရေးခေတ်က ဒသမတန်းအင်္ဂလိပ်စာဘာသာရပ်တွင် ပြဋ္ဌာန်းခဲ့သည်။ Wuthering Heights ၏ အဓိကအကြောင်းအရာမှာ ပြင်းပြသော၊ အစွဲအလမ်းကြီးသော ချစ်ခြင်းမေတ္တာ၏ အဖျက်စွမ်းအားနှင့် လူတစ်ဦးချင်းနှင့် ဆက်ဆံရေးအပေါ် သက်ရောက်မှုရှိကြောင်းဖြစ်သည်။ ယင်းဝတ္ထုသည် Catherine Earnshaw နှင့် Heathcliff အကြား ရှုပ်ယှက်ခက်နေသောဆက်ဆံရေး၊ ၎င်းတို့၏ဖျက်ဆီးလိုသော စိတ်အားထက်သန်မှုနှင့် လက်စားချေခြင်းသံသရာတို့မှတစ်ဆင့် အကောင်းနှင့် အဆိုးကို ဖော်ပြသည်။ လူမှုဆက်ဆံရေးအဆင့်အတန်းကို ဖော်ကျူးသည်။ ယင်းစာအုပ်မှ စာရိတ္တသင်ခန်းစာကို ယူရမည်ဖြစ်ပြီး စာဖတ်ခြင်းဖြင့် လူငယ်များရနိုင်သော ဘဝအပြောင်းအလဲအတွေ့အကြုံများဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များသည် မြန်မာစာပေမှ ရရှိသော ဂန္ထဝင်လက်ရာစာအုပ်များကို ရှာဖွေဖတ်ရှုရန် လိုအပ်ပါသည်။ စာဖတ်သက်ရင့်သူများ၊ ဆရာ ဆရာမများ၊ လူကြီးသူမများ ညွှန်ပြသော မြန်မာ ဂန္ထဝင်စာအုပ်များကို ဖတ်ရှုလေ့လာခြင်းဖြင့် သင်ခန်းစာများရယူနိုင်သည်။ အတွေးအခေါ် အိုင်ဒီယာများ ဆန်းသစ်ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားလူငယ်များကို ပိုမိုရှုပ်ထွေးသော အတွေးအခေါ်များကို နားလည်ရန်ကူညီပေးသည်။ ဂန္ထဝင်စာပေများသည် ကျောင်းသားများကို စာရိတ္တဖွံ့ဖြိုးစေရန် ကူညီပေးသည်ဟု သင်ကြားရေးဆရာ Lisa Van Gemert က ဆိုသည်။ အရည်အသွေးရှိသော ဂန္ထဝင်စာအုပ်များသည် လူငယ်များ၏တွေးခေါ်မှုကို လှုံ့ဆော်ပေးသည်။ လူမှုကျင့်ဝတ်ဆိုင်ရာအခြေအနေများကို ဇာတ်ကောင်များမှတစ်ဆင့် သိရှိနားလည်စေနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ

ယာဉ်ထိန်းရဲက ရပ်ခိုင်းလို့ ကားမောင်းတဲ့သူက လမ်းနံဘေးကို ထိုးရပ်လိုက်တယ်။

"ခင်ဗျား အရှိန်ပြင်းပြင်း မောင်းမနေပါဘူးလို့ ကျွန်တော့်ကို ပြောလိမ့်မယ်ထင်တယ်" ယာဉ်ထိန်းရဲက ပြောလိုက်တယ်။

"အဲသလိုမဟုတ်ဘူး။ ခင်ဗျားဟာ သတိရှိရဲ့လား ဆိုတာကို ကျွန်တော်က မြင်ချင်လို့ စမ်းသပ်ကြည့်တာလေဗျာ" ကားမောင်းသူက ပြန်ဖြေလိုက်တယ်။





လေယာဉ်ခရီးသည်က သူ့နံဘေးမှာရှိတဲ့ အမျိုးသမီးကို ပြောလိုက်တယ်။

"ကျွန်တော်တို့ ထွက်လာခဲ့တဲ့ လေဆိပ်ရဲ့နာမည်ကို ခင်ဗျားသိသလား"

အမျိုးသမီးက ဖြေတယ်။ "ဟင့်အင်း… မသိဘူး ဘာကြောင့်လဲ"

ခရီးသည်က ပြန်ပြောတယ်။ "ဘာကြောင့်လဲဆိုတော့ ခင်ဗျားရဲ့သား ဆင်းသွားပြီး ပြန်တက်မလာလို့ပါ"



ကင်မ်တင်း = "အဖေ အဖေ ဘယ်မှာမွေးသလဲ"

ဖခင် = "ငါ စင်ကာပူမှာ မွေးတယ်။ မင်းအမေက မလေးရှားမှာ မွေးတယ်။ မင်းအစ်မက ဖိလစ်ပိုင်မှာ မွေးတယ်။ မင်းက အင်ဒိုနီးရှားမှာ မွေးတာ"

ကင်မ်တင်း = "ကောင်းပါ့ဗျာ ကျွန်တော်တို့ ဘယ်လိုများ တူတူရှိနေနိုင်ကြမှာလဲ"

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေလမ်း၊ အမှတ်-၁၇၂ ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၆) ထပ်အဆောက်အဦ၏ ၄-လွှာ (A)၊ (ခေါင်းရင်းခန်း)၊ (၁၂၂ ပေ x ၅၀ ပေ)ခန့် အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့ဝင်း [၈/ခမန (နိုင်)၀၀၅၇၂၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၈၉၁)၊ စကလမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ **ဦးဘိုကြည်** (DZ-၀၀၉၅၁၈)[၁၂/လမန(နိုင်)၀၆၄၇၅၁] အမည်ပေါက် ပါမစ် မြေကွက်ထဲမှ (မြေကွက်အမှတ် (၈၉၀)နှင့် ကပ်လျက်ဘက်ခြမ်း) တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ချိုချိုစန်း**[၁၂/ကမန(နိုင်)၀၆၁၈၆၉]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးဝင်းလွင်** [၈/ရစက(နိုင်)၁၄၇၁၂၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၂၁)၊ (၇-လွှာ/A)၊ (တိုက်၏ မျက်နှာမူရာဝဲဘက်ခြမ်း)၊ ရေ၊ မီးအစုံအလင်ပါဝင်သော အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝေဝေလှိုင် [၁၂/ သဃက (နိုင်)၁၈၃၆၃၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.B ,LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၃၈၉၇၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းသွယ်(၈)၊ မြေကွက်ကြီးအမှတ်(၇)၊ အိမ်ရာ ကွက်ငယ် (၂၆၀)၊ ဦးအောင်ကျော်ဦး အမည်ပေါက်မြေကွက်၊ ဧရိယာ (၄၀ ပေx၆၀ ပေ)ရှိမြေကွက်နှင့် ကိုယ်ပိုင်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ထားသူ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးမင်းသန်းလှိုင် [၁၄/ဖပန (နိုင်)၀၉၅၃၄၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို တရားဝင် ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ညိမ်းညိမ်းမြင့် (LL.B) (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၈၄၂)**
**တိုက်-၈၊ ၁၄/၁၅-ရပ်ကွက်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ ရွှေပြည်သာမြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၇၈၇၈၁၀၃၊ ၀၉-၇၉၀၇၉၀၁၈၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

